# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၃၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာ ၁၃ ရွာကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

လယ်ဝေး စက်တင်ဘာ ၂၆

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သောကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။

အဆိုပါ ရေကြီးနစ်မြုပ်သည့်ကျေးရွာများတွင် ပါဝင်သည့် လက်ပံတန်း၊ ကြို့ပင်သာ၊ သစ်ခေါက်ခွ၊ ကြို့တန်း၊ ဆီဆုံကုန်း၊ ပေါက်မြိုင်၊ ရေလဲပေါက်၊ ဘိုကိုးလုံး၊ ရေနီလေး၊ မြောင်းမြ၊ အင်ပင်တဲစု၊ နှစ်ဆောင်မြိုင်နှင့် ညောင်ပင်အိုင်ကျေးရွာများတွင် စက်တင်ဘာ ၁၂ ရက်မှစတင်၍ ဓာတ်အားပြတ်တောက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐


**ယနေ့ ဖတ် စ ရာ**

**နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း** စာ ၃

**ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏အခြေအနေ** ပြည်တွင်းသတင်း စာ ၈


## မိုးတိမ်တောင် ဖြစ်ထွန်းမှု မိုးကြိုး/လျှပ်စီးသတိပြု

နေပြည်တော် စက်တင်ဘာ ၂၆

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၃ ရက်သာ လိုတော့သည်။**

## မြန်မာ့အလင်း

# နိုင်ငံရေးပြဿနာအတွက် နိုင်ငံရေးနည်းလမ်း

နိုင်ငံရေးပြဿနာကို အခြားနည်းဖြင့်ဖြေရှင်းရန် ကြိုးပမ်းရာမှ စစ်ပွဲများ ပေါ်ပေါက်လာရသည်ဟု အဆိုရှိသည်။ အခြားနည်းဟု ဆိုရာတွင် လက်နက်ဆွဲကိုင်တိုက်ခိုက်ခြင်း၊ စစ်ကိုဖန်တီးခြင်း ဖြစ်ရာ အကြမ်းနည်းကျင့်သုံးခြင်းဖြစ်သည့်အလျောက် တိုင်းပြည်နာသည်။ ပြည်သူလည်းနာသည်။ လွတ်လပ်ရေးရပြီး ချိန်မှစကာ မိမိတို့နိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံပေါ်တွင် မပြီးဆုံးနိုင်စတမ်း ကြည့်နေခဲ့ရသည့်ဇာတ်ကြမ်းကို ပြည်သူတို့ စိတ်ပျက်ငြီးငွေ့နေခဲ့သည်မှာလည်း ကာလကြာရှည်နေခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေချိန်တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် အကြိုကာလမှာပင် ပြဿနာများရှိနေခဲ့ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိကြောင်း ပြင်ပမီဒီယာအချို့က ထိုစဉ်ကပင် သိရှိခဲ့ကြသည်။ မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများသည် အေးချမ်းစွာပြီးဆုံးခွင့်မရရှိခဲ့ဘဲ သွေးထိုးမှု၊ လှုံ့ဆော်မှုပယောဂပေါင်းများစွာ ပူးကပ်မှုတို့နှင့်အတူ လမ်းပေါ်ဆန္ဒပြပွဲများ၊ အဓိကရုဏ်းများမှသည် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ၊ ဖျက်ဆီးမှုများ၊ လက်နက်ကိုင်ဆန့်ကျင်မှုများအထိ ပေါ်ပေါက်လာပြီး အကြမ်းနည်းသံသရာတွင် နောက်ထပ်လည်ပတ်ကြမည့် အမည်မျိုးစုံ၊ တံဆိပ်မျိုးစုံ၊ အလံမျိုးစုံနှင့် အဖွဲ့များစွာတို့လည်း ဒေသများစွာတို့တွင် ပေါ်ပေါက်လာသည်။

နိုင်ငံအတွင်းမှ ထွက်ပြေးသွားကြပြီး ပြည်ပနိုင်ငံများမှနေ၍ မိမိနိုင်ငံ မပျက်ပျက်အောင် ကြိုးပမ်းဖန်တီးနေကြသူများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ ပြည်သူ့ကာကွယ်ရေးအမည်ခံ အကြမ်းဖက်သမားများကြောင့် နိုင်ငံ၏လူ့သားအရင်းအမြစ်၊ ရုပ်ဝတ္ထုအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်များစွာ ဆုံးရှုံးရသည်။ ဤအရင်းအမြစ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဘက်တွင် အသုံးမပြုနိုင်ခဲ့ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာထိခိုက်နစ်နာစေသည့်အပြင် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာလည်း ပျက်စီးခဲ့ရသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းက နိုင်ငံနှင့် ပြည်သူကို နာကျင်မှုအနည်းဆုံးဖြစ်စေမည်ဖြစ်သော်လည်း စေတနာပါသူ၊ နှလုံးရည်နှင့် ပြည့်စုံသူတို့ကသာ ဤနည်းလမ်းကို ရွေးချယ်ကြမည်ဖြစ်ပြီး အကျိုးစီးပွားများ ဖက်တွယ်ထားမိသူ၊ သေနတ်ပြောင်းဝမှထွက်သည့် အာဏာကို မက်သူတို့ကမူ ငြင်းပယ်ကြမည်သာဖြစ်သည်ဟု နားလည်ရသည်။

နိုင်ငံတိုင်းတွင် နိုင်ငံရေးပြဿနာရှိစမြဲဖြစ်ပြီး နိမ့်တုံမြင့်တုံ နိုင်ငံရေးလောကဓံကို ခံကြရသည့်တိုင် နိုင်ငံနှင့်ပြည်သူ နစ်နာစေမည့် အမှုမျိုးကို ရှောင်ကြဉ်ကြရသည်။ နိုင်ငံရေးအပြောင်းအလဲတစ်ခုကို ဖော်ဆောင်ရာတွင် တစ်ဆင့်ပြီး တစ်ဆင့်၊ ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်သည် သွေးထွက်သံယိုမှု၊ နာကျင်မှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ စေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်နိုင်ကြပါက အဆင့်တစ်ခုတွင် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိလာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်လိုက်ရာ အယူမလွဲကြရန်လိုသကဲ့သို့ အေးချမ်းသာယာစွာ နေထိုင်လိုသည့် ပြည်သူကို မျက်နှာမူကြရန်လည်း လိုသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်မှုသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှု ဒဏ်ရာဒဏ်ချက်တို့ ကြီးမားများပြားနေသည့် နိုင်ငံနှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျှော်လင့်တောင့်တနေသည့် ပြည်သူတို့အား အလေးဂရုပြု၍ ထောက်ရှုခြင်းဖြစ်သည်။ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းလာသည့် အခွင့်အရေးကို အလေးအနက်ထား၍ အပြုသဘောတုံ့ပြန်ကာ တိုင်းရင်းသား၊ နိုင်ငံသားပြည်သူအားလုံး လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြပါစေကြောင်း။ ။

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## နှလုံးသားအလှ

※ ခံ့ချောယဉ်စ၊ အို-နှမ . . . .
ဘဝ တစ်သက်တာ၊ နာသုံးနာဖြင့်
ပွင့်ပါစေကုန်၊ သင်းပျံ့ထုံသော
ရောင်စုံပန်းများ၊ စွင့်စွင့်ငွားအောင်
သင်ကား အလှဆင်နေ၏။

※ ခံ့ချောယဉ်စ၊ အို-နှမ . . . .
ကိန်းဂဏန်းမှန်၊ ရရှိရန်တွက်
သန်းခေါင်စာရင်း၊ ကောက်ယူခြင်း၌
မခြွင်းမချန်၊ မကျန် မထပ်
ပါးနပ်လိမ္မာ၊ စိတ်ရှည်စွာဖြင့်
သင်ပါဝင်ရန် ပြင်နေ၏။

※ ခံ့ချောယဉ်စ၊ အို-နှမ . . . .
မဲဆန္ဒရှင်၊ အသိဝင်အောင်
ပညာလည်းပေး၊ ကြိုက်သူရွေးချိန်
ရွေးမျှမယိမ်း၊ မဲရုံထိန်း၍
ခပ်သိမ်းဘောင်ဝင်၊ ကော်မရှင်၌
သင်ပါဦးမည် သေချာ၏။

※ ဆရာမင့်
မူလဝန်,ပိုး၊ ဘယ်မည့်ိုးဘဲ
အမျိုးသား ဝန်၊ ထပ်ဆင့်ပွန်သည်
မြတ်မွန်စိတ်ထား လှတကား။ ။

(စေတနာ့ဝန်ထမ်းလုပ်အားပေးများကို ဂုဏ်ပြုလျက်)

ကို(တက္ကသိုလ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ(၁) ဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦး ကို အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မုတ်သုံလေ အားနည်းနေမည်

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မိုး/ဇလ

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ တက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm) , ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြေညာချက်ပါ အချက်အလက်များကို သေချာစွာဖတ်ရှုပြီး သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်နှင့် သားဖွားသင်တန်းကျောင်း၊ နေပြည်တော်တို့၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက် **(မပျက်မကွက်)** လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နံနက်(၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နေ့လယ်(၁၂:၀၀)နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ခုံအမှတ်(၁)မှ(၅၀၀)ထိ | ၃၀-၉-၂၀၂၄ |
| ခုံအမှတ်(၅၀၁)မှ(၁၀၀၀)ထိ | ၁-၁၀-၂၀၂၄ |
| ခုံအမှတ်(၁၀၀၁)မှ(၁၄၂၉)ထိ | ၂-၁၀-၂၀၂၄ |

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၉-၂၀၂၄)

❖ *ရှေ့ဖုံးမှ*

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုခြိမ်းခြောက်သည့် ဇီဝ၊ ဓာတု နှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအား ကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့ အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက်လည်းကောင်း အစီအမံများချမှတ်ခြင်း၊"

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

**နေပြည်တော် စက်တင်ဘာ ၂၆**

၁။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။

၂။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက် မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် အာဏာလွှဲအပ်ရေးကို မမှိတ်မသုန် ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ်များဆုံးရှုံးရမှု များစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

၃။ ယနေ့အချိန်တွင် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ(၁)ရက်နေ့တွင် စတင်ကောက်ယူတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၆

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်–၁၀၀၀)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။**



နံနက်ပိုင်းတွင် အဆိုပါဆေးရုံများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် (၁) နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀) မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀) သို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးမျိုးစုံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ **(ဝဲပုံ)** လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။




နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်တွင်လည်း နေပြည်တော် (ခုတင်–၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၄၇ ဦးတို့က ဆက်လက်စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း ဂုဏ်ပြုသွေးလှူဒါန်းသူ ၅၆၀ ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ မူလတန်းကျောင်းများ၌ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်လက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ စာသင်ကျောင်းများမှ ကျောင်းဆရာ ဆရာမများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံလေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့်အတူ စစ်သံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) သူဌေးကုန်း(ကျား) နှင့် အခြေခံပညာ အလယ်တန်းကျောင်း (နောင်သင်ခါ) များ၌ ကျောင်းအုတ်တံတိုင်းပြိုကျနေမှု၊ စာသင်ခန်းများအတွင်း ရေဝင်ရောက်မှု၊ စာသင်ဆောင်နှင့် ကျောင်းအတွင်း ရွှံ့နွံများ၊ အမှိုက်များဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ သန့်ရှင်းပြီးသော စာသင်ခန်းများအတွင်း စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ရေဘေးဒဏ်ခံစားခဲ့ရသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ရွာသစ်)၌ ကျောင်းဝင်း၊ ကျောင်းဆောင်၊ စာသင်ခန်းများအတွင်း ရေများဝင်ရောက်နေမှု၊ ကျောင်းအုတ်တံတိုင်းပြိုကျ ပျက်စီးနေမှု၊ နုန်းမြေများနှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) (ပိန်းတော) ၌ ပြိုကျပျက်စီးနေသော ကျောင်းအုတ်တံတိုင်းများ၊ ကျောင်းဆောင်များ၊ စာသင်ခုံများ၊ စားပွဲများ၊ Whiteboard များ ပျက်စီးနေမှု၊ ရေသန့်စက်၊ ရေမော်တာနှင့် သန့်စင်ခန်းများတွင် နုန်းများ ဖုံးအုပ်နေမှုနှင့် ကျောင်းအတွင်း မီးလိုင်းပြတ်တောက်မှု အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လုပ်အားပေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အဆိုပါ ဓာတ်အား ပြတ်တောက်ခဲ့သည့်ကျေးရွာများကို စက်တင်ဘာ ၁၆ ရက်မှ စတင်၍ ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် သာဝတ္တိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာ ၁၃ ရွာကို လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ စက်တင်ဘာ ၂၆**

သာယာဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းသားများအနေဖြင့် မြေပြင်လက်တွေ့ကောက်ယူခြင်းကို ယနေ့နံနက်က အလယ်ကုန်းရပ်ကွက်၌ ဆောင်ရွက်သည်။

သာယာဝတီမြို့နယ်၌ ရပ်ကွက် ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၂၆၂ ရွာ၌ ကောက်ကွက်ပေါင်း ၄၁၁ ကွက်ရှိပြီး စာရင်းစစ်၊စာရင်းကောက် ၁၅၆ ဦးဖြင့် မြို့နယ်အဆင့်/ရပ်ကျေးအဆင့် ကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး လုံခြုံရေး၊ အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များ ပြင်ဆင်ထားရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ၂၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်တို့သည် ရေကြီးနစ်မြုပ်ခဲ့သော တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သောက်သုံးရေတွင်းရေကန်များ ပြန်လည်သန့်စင်ရေမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်း စသည်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တောင်းမြစ်ရေ ရေကြီးရေလျှံခဲ့မှုကြောင့် တောင်ငူ – ထန်းတပင်သွားလမ်းပေါ်ရှိ လမ်းမိုင်(၁/၀)မှ ထန်းတပင်မြို့အဝင် စစ်တောင်းတံတားအထိ ဆည်မြောင်းတာနှင့် ကားလမ်းများ ကျိုးပေါက်ပျက်စီးခဲ့မှုအပေါ် လမ်းပန်းဆက်သွယ်ရေး ကြာရှည်ပြတ်တောက်မှုမရှိစေရေး ပြန်လည်ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ (၈)ရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး တောင်ငူမြို့ (၁၈) ရပ်ကွက် ချမ်းသာကြီးဘုရား၌ ယာယီရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေကြပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။ ယင်းနောက် တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ အလှူရှင်များ လာရောက်လှူဒါန်းထားသည့် ဆန်၊ ဆီနှင့် အခြားစားသောက်ဖွယ်ရာ၊ လူသုံးကုန်ပစ္စည်းများ၊ စားဖိုဆောင်သုံးပစ္စည်းများ စနစ်တကျစုဆောင်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်နေသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များအတွက် ထမင်းဟင်းများ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ (၂၁) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် တရုတ် - အာဆီယံကုန်စည်ပြပွဲနှင့် တရုတ် - အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာသင်းရှယ်ရှန့်၊ ကမ္ဘောဒီးယားနိုင်ငံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကုန်စည်ပြပွဲဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာသင်းရှယ်ရှန့်၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များက အဖွင့်မိန့်ခွန်းပြောကြားကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အန်နဝါအီဗရာဟင်က ဗီဒီယိုဖိုင်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ (၂၁) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ပြခန်း ၈၄ ခန်း ခင်းကျင်းပြသ**

ပြပွဲ၌ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် အာရေဗီးကာကော်ဖီ (Arabica Coffee)၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများအပါအဝင် ပြခန်း ၈၄ ခန်း ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါ (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၁)ကြိမ်မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ချစ်ကြည်ရင်းနှီးမှု၊ ခင်မင်လေးစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုများအပြန်အလှန်ရရှိရန်၊ တရုတ် - အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ ၃ ဒသမ ၀ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရန်နှင့် တရုတ် - အာဆီယံဒေသတွင်းအရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

စက်တင်ဘာ ၂၃ ရက် ညနေပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နှစ်လိုဖွယ်ရာမြို့ မြန်မာပြခန်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ငွေကျပ် ၆၀၃၀၀၀၀၊ Royal Shambella Co.,Ltd. က ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၁၆၀၃၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

**သတင်းစဉ်**







## သာစည်မြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

**မန္တလေး စက်တင်ဘာ ၂၆**

သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော တပ်မတော်ဖိနပ်စက်ရုံ(လှိုင်းတက်) မှ အာမခံအလုပ်သမားအလုပ်ခွင်ထိခိုက်မှုကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဒေါ်ဂျိုတီးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်းသိကောင်းစရာများ၊ အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်ဂျိုတီးက အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကျပ် ၃၇၀၄၄၀၀ ကို အာမခံအလုပ်သမား ဦးဟုန်းနိုင်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အတွင်း ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေဖောင်ဒေးရှင်းခန်းမ၌ ကျောက်ဆည်မြို့နယ် အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံရာ သမဝါယမဦးစီးဌာန တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ် အတွင်း သမဝါယမကဏ္ဍမှ ဆီထွက်သီးနှံ နေကြာတိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် သမဝါယမအသင်းများမှ လျာထားစိုက်ကြေပြည့်မီအောင် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကဏ္ဍအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော ဆီထွက်သီးနှံ နေကြာများကို ဝယ်ယူကြိတ်ခွဲအဖွဲ့၊ ဆီကြိတ်စက်လုပ်ငန်းရှင်များနှင့် စနစ်တကျချိတ်ဆက်ပြီး ဈေးကွက်သေချာစေရေး စီမံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ်အတွင်း သမဝါယမအသင်း ၄၀ မှ နေကြာစိုက်အသင်းသားတောင်သူ ၁၃၁၇ ဦးတို့၏ စိုက်ပျိုးမြေဧက ၄၄၆၀ ဧကအတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့နှင့် သွင်းအားစုများကို အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည် - ငှက်တောင် ဆက်သွယ်သောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူ ၁၈၀ တို့၏ ဝါစိုက်ဧက ၉၈၄ ဧကပေါ်တွင် စိုက်ပျိုးထားသော မိုးဝါစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ် ၆၁ ဒသမ ၄ သိန်းကျော်ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် သမန္တလင်းကျေးရွာ၌ သင်တန်းသူ ၁၄ ဦးဖြင့် ဖွင့်လှစ်ခဲ့သော စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် ထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းပြီး လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများအနက်မှ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မည့်သူငါးဦးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစား

**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် စတင်ယှဉ်ပြိုင်ကစားကြသည်။

**ယှဉ်ပြိုင်ကစား**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)** တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်းတစ်ဦးချင်းခတပြိုင်ပွဲ၊ အကြီးတန်းတစ်ဦးချင်းခတပြိုင်ပွဲ၊ အသင်းလိုက်ခတပြိုင်ပွဲနှင့် လူသစ်တန်း ကီလိုတန်းအလိုက် ကုမိတဲ့ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

အလားတူ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေးခုန်၊ ပစ်ပြိုင်ပွဲမှ မီတာ ၁၀၀ ပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လုံးတံပစ်ပြိုင်ပွဲနှင့် မီတာ ၈၀၀ ပြေးပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပွဲကို ဇေယျာသီရိ အားကစားရုံ(B)တွင် အမျိုးသား / အမျိုးသမီးအုပ်စုပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (C) ၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသားဓားတစ်လက်အတိုက်ပြိုင်ပွဲ (ခ) တန်း၊ အမျိုးသမီး ပန်ကြပ်ဆီးလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် ၅၇ ကီလိုတန်းလူသစ်တန်းပြိုင်ပွဲ၊ ၄၈ ကီလို၊ ၅၇ ကီလို၊ ၆၀ ကီလို အလွတ်တန်းပြိုင်ပွဲ၊ ၆၀ ကီလိုတန်း (က) အဆင့်ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။





အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (က) အဆင့် ဘောလုံးပြိုင်ပွဲအဖြစ် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည် ယနေ့ ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၂၈-၉-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၈၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ အပြန်အလှန်လည်ပတ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေခံခရီးသွား လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် နှစ်နိုင်ငံ ခရီးစဉ်ဒေသများသို့ လေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းပြေးဆွဲရေး၊ မြန်မာ-အိန္ဒိယ - သီရိလင်္ကာ - နီပေါ Buddhist Circuit ဗုဒ္ဓဘာသာ ဘုရားဖူးခရီးစဉ်များ အကောင်အထည်ဖော်ရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ(MoU) ကို ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန်အတွက် အွန်လိုင်းအစည်းအဝေးများ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂၆**

(၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ဦးဆောင်ကော်မတီ၏ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ၏ဂုဏ်သိက္ခာမြှင့်တင်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာ အစည်းအဝေးများ၏ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေစဉ်တွင် ဝန်ကြီးများအဆင့်အစည်းအဝေး တစ်ကြိမ်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး နှစ်ကြိမ်တို့ကို ဦးဆောင်၍ ကျင်းပပြုလုပ်ပေးရမည်ဖြစ်သည့်အတွက် ယခု (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို Virtual စနစ်ဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပ ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံက ဦးဆောင်ကျင်းပ ပြုလုပ်သည့် အာဆီယံဒေသအဆင့် အစည်းအဝေးကို ပေါင်းစပ်ဆောင်ရွက်မှုအားများဖြင့် ဆောင်ရွက်ကြပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်၊ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပရာတွင် အသုံးပြုမည့်ဆောင်ပုဒ်၊ အစည်းအဝေးကျင်းပရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အစည်းအဝေးကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်အတွင်း၌ ရေဝင်ရောက်နစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ရှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်



**စဉ့်ကိုင် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း၌ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေလျှံတက်မှုကြောင့် ရေဝင်ရောက်နစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ရှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးပြည့်ဖြိုးအောင်က အမှာစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းလက်ခံရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရေဝင်ရောက်နစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀၊ Power အကြမ်းစာအုပ် ဒါဇင် ၄၅၀၊ ဒေါက်ချွန် ၂၇၅ ဘူး၊ Joyko ခဲတံ ၃၂၅ ဒါဇင်၊ Comet အချောင်း ၃၀ ပါ ဘောပင်ဘူး ၁၀၀၊ ၁၂ လက်မပေတံ ဒါဇင် ၁၃၀ စုစုပေါင်း စာရေးကိရိယာခြောက်မျိုး၏ တန်ဖိုးငွေကျပ် ၅၄၃၄၀၀၀ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ရေဝင်ရောက်နစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ရှစ်ကျောင်း (ကိုယ်စား) အ.ထ.က(ခွဲ)(စော်ရဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၆.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၆.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၉၀၉၇ | ၆၂၇.၆၅ | ၅၆၇၆၅၅ | ၁၈၁၅၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၄.၂၆ | ၂၄၃၉၆ | - | ၆၂၈.၄၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၇၈ | ၆၂၄.၅၀ | ၂၅၈၉၅ | ၂၆၆ | ၁၀.၅၀ | ၁၀၆၀၅ | - | - | ၀.၉၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၈၆ | ၅၁၈.၈၅ | ၈၈၆၃၁ | - | ၁.၁၅ | ၃၁၃၉ | - | - | ၀.၁၄ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၈ | ၅၁၀.၆၅ | ၁၁၂၁၁ | - | ၁.၃၅ | ၁၀၄၆ | - | - | - | ၅၁၀.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၈ | ၄၃၇.၀၀ | ၆၇၀၀၀ | ၂၄ | ၂.၀၀ | ၆၀၀၀ | - | - | - | ၄၃၇.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၆၄ | ၅၃၅.၄၀ | ၇၆၁၅၀ | - | - | - | ၀.၄၀ | ၅၂၉ | - | ၅၃၅.၅၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၆၅ | ၇၉၅၆ | - | ၁.၃၅ | ၇၆၂ | - | - | - | ၄၁၆.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂၂ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၀ | ၆၀၂.၀၀ | ၅၀၀ | - | - | - | ကန်ရေပြည့် | | - | ၆၀၂.၁၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၀ | ၈၆၅.၀၀ | ၁၀၉၈၀ | - | ၅.၀၀ | ၃၆၂၀ | - | - | ၀.၄၂ | ၈၆၅.၁၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (၂၆.၉.၂၀၂၄)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏အခြေအနေ

| စဉ် | ရေလှောင်တမံ/ ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | ယခင်နေ့ ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှ ရေကျော်သည့် အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့် နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ် ရောက်ရှိ ရန်လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၄.၀၀ | ၆၃.၈၀ | ၀.၈၀ | -၀.၂၀ | ၇.၂၀ | - | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ |
| | | ချင်းပြည်နယ် | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၃.၉၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၅၀ | ၀.၀၀ | ၅.၀၀ | - | - | - | - |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၁၀ | ၀.၀၀ | ၉.၁၅ | - | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၃၅ | ၀.၀၀ | ၉.၆၅ | - | - | - | - |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၆.၇၀ | ၄၈၇.၅၀ | ၀.၅၀ | ၀.၈၀ | ၁၀.၅၀ | ၀.၉၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၁.၅၀ | ၆၄၂.၂၀ | ၁.၇၀ | ၀.၇၀ | ၁၇.၈၀ | ၁.၈၀ | ၆၅၃.၆၀ | ၁၃.၁၀ | ၃၁.၇.၂၀၁၅ |
| | | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၇၀ | ၂၂၀.၅၀ | ၀.၅၀ | -၀.၂၀ | ၉.၅၀ | - | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၁၀ | ၀.၀၀ | ၉.၉၀ | - | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၃၀ | ၀.၀၀ | ၈.၇၀ | - | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ |
| ၁၀ | ဘောနီ | ညောင်လေးပင်/ဒိုက်ဦး | ၁၇၅.၀၀ | ၁၈၇.၀၀ | ၁၇၅.၃၀ | ၁၇၅.၂၀ | ၀.၂၀ | -၀.၁၀ | ၁၁.၈၀ | - | ၁၇၉.၃၀ | ၄.၃၀ | ၈.၁၀.၂၀၂၃ |
| ၁၁ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၉၀ | ၁၅၆.၇၀ | ၀.၇၀ | -၀.၂၀ | ၇.၃၀ | - | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ |
| ၁၂ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၄၀ | ၇၀.၃၀ | ၀.၃၀ | -၀.၁၀ | ၉.၇၀ | ၀.၂၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ |
| ၁၃ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၉၃ | ၁.၄၈ | ၀.၀၀ | ၁၈.၂၁ | - | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ |
| ၁၄ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၃၀ | ၃၀၀.၂၀ | ၀.၂၀ | -၀.၁၀ | ၉.၈၀ | - | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ရေလှောင်တမံ/ ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | ယခင်နေ့ ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှ ရေကျော်သည့် အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့် နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ် ရောက်ရှိရန်လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံး ရောက်ရှိခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော်ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိခဲ့သည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၅၀ | ၁၉၄.၅၀ | ၁.၅၀ | ၀.၀၀ | ၉.၀၀ | - | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ |
| ၁၆ | ခဝါ | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၂.၄၀ | ၂၃၁.၀၅ | ၁.၀၅ | -၁.၃၅ | ၈.၉၅ | ၀.၃၃ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၆ |
| ၁၇ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၁၅ | ၂၅၈.၁၅ | ၃.၁၅ | ၀.၀၀ | ၁၁.၈၅ | ၀.၈၂ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ |
| ၁၈ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၉၀ | ၂၆၆.၅၀ | ၁.၅၀ | -၀.၄၀ | ၁၃.၅၀ | ၀.၃၅ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ |
| ၁၉ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၂.၀၅ | ၁၅၁.၉၀ | ၁.၉၀ | -၀.၁၅ | ၈.၁၀ | ၀.၆၂ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ |
| ၂၀ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၈၀ | ၂၃၆.၆၅ | ၂.၆၅ | -၀.၁၅ | ၉.၃၅ | - | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၁ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၆.၅၀ | ၆၈၅.၇၀ | ၂.၇၀ | -၀.၈၀ | ၂၀.၈၀ | - | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ |
| ၂၂ | ပုလင်း | မကွေး/မြို့သစ် | ၆၈၅.၀၀ | ၇၀၀.၀၀ | ၆၈၆.၂၀ | ၆၈၅.၇၀ | ၀.၇၀ | -၀.၅၀ | ၁၄.၃၀ | - | ၆၉၀.၆၀ | ၅.၆၀ | ၄.၁၀.၂၀၁၁ |
| ၂၃ | စွန်ချောင်း | မကွေး/မြို့သစ် | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၅.၅၀ | ၆၂၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၄.၅၀ | - | ၆၃၀.၂၀ | ၅.၂၀ | ၄.၁၀.၂၀၁၁ |
| ၂၄ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၅၀ | ၁၀၁၃.၁၀ | ၃.၁၀ | ၀.၆၀ | ၁၆.၉၀ | ၀.၇၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၁၂ |
| ၂၅ | ဝန်ချောင်း(ကဖွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၀၀ | ၄၁၁.၀၀ | ၁.၀၀ | ၁.၀၀ | ၉.၀၀ | - | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ |
| ၂၆ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၃.၅၀ | ၇၆၂.၄၀ | ၂.၄၀ | -၁.၁၀ | ၁၇.၆၀ | ၀.၃၄ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ |
| ၂၇ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၇.၉၀ | ၅၂၇.၃၀ | ၇.၃၀ | -၀.၆၀ | ၃၂.၇၀ | ၀.၀၃ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ |
| ၂၈ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၆၀ | ၆၂၆.၅၀ | ၁.၅၀ | -၀.၁၀ | ၁၃.၅၀ | ၀.၀၅ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ |
| ၂၉ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၅၀ | ၆၀၂.၄၀ | ၀.၄၀ | -၀.၁၀ | ၇.၆၀ | - | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ |
| ၃၀ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၈.၂၀ | ၃၄၈.၁၀ | ၈.၁၀ | -၀.၁၀ | ၃၂.၄၀ | - | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ |
| ၃၁ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၅၀ | ၄၂၁.၂၀ | ၁.၂၀ | -၀.၃၀ | ၁၆.၈၀ | - | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ |
| ၃၂ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၇၀ | ၄၉၅.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ |
| ၃၃ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၆.၀၀ | ၄၃၆.၇၀ | ၂.၇၀ | ၀.၇၀ | ၁၄.၃၀ | ၀.၃၉ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၄ | သဖန်းချောင်း | ရမည်းသင်း/ပျော်ဘွယ် | ၈၉၅.၀၀ | ၉၀၃.၀၀ | ၈၉၅.၃၀ | ၈၉၅.၂၀ | ၀.၂၀ | -၀.၁၀ | ၇.၈၀ | - | ၈၉၆.၄၀ | ၁.၄၀ | ၁၂.၁၀.၂၀၁၇ |
| ၃၅ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၄၀ | ၈၄၀.၂၀ | ၀.၂၀ | -၀.၂၀ | ၇.၃၀ | - | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ |
| ၃၆ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၈၀၁.၀၀ | ၇၈၈.၃၀ | ၇၈၈.၃၀ | ၀.၃၀ | ၀.၀၀ | ၁၂.၇၀ | - | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ |
| ၃၇ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၇၀ | ၇၂၂.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ |
| ၃၈ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၆၀ | ၆၄၅.၄၀ | ၀.၄၀ | -၀.၂၀ | ၁၂.၆၀ | - | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ |
| ၃၉ | ပင်းချောင်း | ညောင်ဦး/ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၃၀ | ၇၉၀.၂၀ | ၀.၂၀ | -၀.၁၀ | ၁၂.၈၀ | - | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၄၀ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၈.၄၇ | ၆၂၇.၆၅ | ၄.၂၆ | -၀.၈၂ | ၃၈.၃၉ | - | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ |
| ၄၁ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၅၀ | ၅၃၅.၄၀ | ၀.၄၀ | -၀.၁၀ | ၁၉.၆၀ | - | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၄၂ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၂၅ | ၀.၂၅ | -၀.၂၅ | ၉.၂၅ | - | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ |
| ၄၃ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၅၅ | ၅၈.၅၅ | ၀.၅၅ | ၀.၀၀ | ၉.၄၅ | ၀.၄၃ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၄၄ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၁.၄၀ | ၀.၀၀ | ၈.၆၀ | - | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၅ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၈.၀၀ | ၂၁၇.၈၅ | ၁.၈၅ | -၀.၁၅ | ၈.၁၅ | ၀.၁၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ |
| ၄၆ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၉၀ | ၁၀၉.၇၀ | ၂.၇၀ | -၀.၂၀ | ၁၀.၃၀ | ၀.၁၈ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ |
| ၄၇ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၇၀ | ၁၉၆.၇၀ | ၁.၇၀ | ၀.၀၀ | ၈.၃၀ | - | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၄၈ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၆.၉၀ | ၂၁၂၆.၉၀ | ၁.၉၀ | ၀.၀၀ | ၁၃.၁၀ | - | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ |
| ၄၉ | မြို့ကြီး | တောင်ကြီး/ရွှာင် | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၅၀ | ၆၉၁.၅၀ | ၂.၅၀ | ၀.၀၀ | ၂၂.၅၀ | ၀.၃၁ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၅၀ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၃.၅၀ | - | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅၁ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၉.၁၀ | ၂၇၈.၅၀ | ၁.၅၀ | -၀.၈၀ | ၈.၅၀ | - | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ |
| ၅၂ | မမြ | ဟင်္သာတ/မြန်အောင် | ၁၁၅.၀၀ | ၁၃၀.၀၀ | ၁၁၇.၈၀ | ၁၁၇.၁၀ | ၂.၁၀ | -၀.၇၀ | ၁၂.၉၀ | ၀.၉၀ | ၁၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ |
| ၅၃ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၆၀ | ၂၆၂.၄၀ | ၂.၄၀ | -၀.၂၀ | ၁၂.၆၀ | ၀.၇၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ |
| ၅၄ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၁.၇၀ | ၂၉၁.၀၀ | ၃.၀၀ | -၀.၇၀ | ၁၇.၀၀ | ၁.၀၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ |

ရေကျော်ရေလှောင်တမံ (၅၄) ခုရှိပါသည်။ ယခင်နေ့ထက် မြောက်ယမားနှင့် ဝန်ချောင်း(ကဖွန်းမ)ရေလှောင်တမံ (၂)ခု တိုးလာ၍ ငမင်နှင့် မုံရေထိန်းတမံ (၂)ခု လျော့နည်းခြင်းဖြစ်ပါသည်။
ကန်ရေပြည့် ရေလှောင်ပမာဏထက်ပို၍ ရေပိုမိုသိုလှောင်ထားသောရေလှောင်တမံ ( ၂ ) ခု ရှိပါသည်။ လိုင်ဗားနှင့် ဂမုန်းရေလှောင်တမံတို့တွင် ကန်ရေပြည့်ရေလှောင်ပမာဏထက် ရေပိုမိုသိုလှောင်ထားပါသည်။

မိုးရေချိန် ( ၂ ) လက်မနှင့်အထက်ရှိသော ရေလှောင်တမံ မရှိပါ။

# ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ (၁၃၇) ခုအနက် ပို့ကုန်ရငွေစာရင်းရှင်းလင်းပြီးသော ကုမ္ပဏီ (၅၉) ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှပယ်ဖျက်ကြောင်း ကြေညာချက်

၁။ ၂၀၁၉ ခုနှစ်တွင် ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၁၃၇) ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့်ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေ ဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက် စိစစ်လျက်ရှိကြောင်း (၄-၆-၂၀၂၂) ရက်စွဲပါသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ ယင်းကုမ္ပဏီ (၁၃၇) ခုအနက် ကုမ္ပဏီ (၅၉) ခုမှာ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ပြီး ဖြစ်သဖြင့် အဆိုပါကုမ္ပဏီ (၅၉) ခုနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာ အဖွဲ့ဝင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
( ၂၆ - ၉ -၂၀၂၄)

### ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအနက် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ပြီးသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင် အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | A.T.M INTERNATIONAL COMPANY LIMITED | KYAW KYAW WIN<br>MA OHN MYINT<br>RA HA NA | NO.4/6 ANAWYAHTA STREET8(C),(5) QUARTER PAZUNDOUNG TOWNSHIP, YANGON | 12/PABATA(AEI)000412<br>12/TAMANA(N)099606<br>12/PABATA(AEI)000723 |
| 2 | ABSOLUTE METAL COMPANY LIMITED | AUNG PHYO @ MYINT THU @ SAI LON<br>LINN THU @ AUNG MOE<br>MYINT SEIN @ YON SEIN<br>THANDAR HTUN @ KHIN KHIN CHAL @ NAN VOE LYAO | YAW ATWIN WUN U PHO HLAING STREET NO.(93)SHWE LIN PAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION 09973434888 | 13/KATANA(N)073334<br>13/KATANA(N)111747<br>12/LAMATA(N)023524<br>13/KATANA(N)089008 |
| 3 | ARCHIPELAGO SEAMEN CLUB COMPANY LIMITED | BO BO TUN<br>MYAT THIDAR | Principal Place Of Business In Union-52 A DOCKYARD STREET, DAWBON, YANGON | 5/KANANA(N)034860<br>12/TAMANA(N)121911 |
| 4 | ARYAN GROUP COMPANY LIMITED | DAW SITA DEVI<br>U RAM AWADESH | BOGALAY ZAY STREET, NO.(39/B), 6TH FLOOR , (7) WARD , BOTAHTAUNG TOWNSHIP,, YANGON | 9/MAYAMA(N)083414<br>7/PHAMANA(N)092327 |
| 5 | ASIA LACE EMBROIDERY COMPANY LIMITED | DAW CHO PA PA<br>DAW KHIN THET MON<br>DAW LI SHE MEI<br>DENG YANGWEN<br>LIN HSUEH LIANG | WAT MA SOUK WUN HTUNT STREET NO. 193144WARD, SOUTH DAGON(EAST) INDUSTRIAL ZONE,DAGON MYOTHIT(SOUTH) TSP, YANGON REGION | 12/DAGATA(N)113638<br>12/DAGATA(N)061174<br>13/KAKHANA(N)016570<br>E90494013<br>306197795 |
| 6 | ASIA WIN MANUFACTURING COMPANY LIMITED | DAW AISHA BI BI<br>DAW THI THI WIN<br>MS.MOHAMED HANIFA JERDHAWS BHANU<br>U AUNG NAING WIN<br>U MYO MIN OO<br>U NAY WIN<br>U NYUNT WIN<br>U TINT TUN WAI | BO MIN YAUNG STREET,NO.(129), MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/PABATA(PYU)000513<br>12/PAZATA(N)029527<br>Z3084005<br>12/MAGATA(N)089674<br>1/MAKANA(N)083396<br>12/MAGATA(N)008851<br>12/MAGATA(N)033970<br>12/AHLANA(N)040935 |
| 7 | AUSI MYANMAR COMPANY LIMITED | DAW KHIN KYU KYU HEIN<br>U MYINT AUNG | THU DA THA NA 1 STREET, NO- 40/B THIN GAN GYUN TOWNSHIP , YANGON REGION | 5/KHATANA(N)000900<br>13/LAYANA(N)030813 |
| 8 | CHUE YADANAR TRADING COMPANY LIMITED | CHUE YADANAR MYO<br>WIN MYO THET<br>WIN ZAW | NEIK BAN STREET,NO.(37), 4 FLOOR THARDU EAST WARD, KYEEMYINDINE TOWNSHIP, YANGON REGION | 12/KAMATA(N)072849<br>8/TATAKA(N)014188<br>10/MALAMA(N)017045 |
| 9 | EDELLE GENERAL TRADING COMPANY LIMITED | DAW HSU MON AUNG<br>KU EUN YOUNG | NO.677, BYAMASO STREET, 4B,4/6 BLOCK, SOUTH OKKALAPA TOWNSHIP, YANGON REGION | 5/SAKANA(N)197957<br>M52626436 |
| 10 | GAN DA MAR NA THE COMPANY LIMITED | KYAW WIN TUN<br>SOE NAING<br>TIN AYE<br>WIN SANDY AUNG<br>YE WIN TUN<br>WIN THEIN | 7TH-FLOOR(B), NO(.140), KAN WEST WARD, MINGALAR TAUNG NYUNT T/S, YANGON | 10/PAMANA(N)219165<br>10/PAMANA(N)092672<br>PAG-166650<br>12/YAKANA(N)082325<br>10/PAMANA(N)219164<br>10/PAMANA(N)092673 |
| 11 | GREAT MOUNT SILVER TRADING COMPANY LIMITED | U ZAW MIN TUN | NO.94, 37TH STREET (MIDDLE) GROUND FLOOR5-WARD, KYAUKTADA TOWNSHIP, YANGON | 12/AHSANA(N)158100 |
| 12 | GREEN LAUREL PHARMACEUTICAL TRADING COMPANY LIMITED | U MYINT NAING<br>U THEIN WIN | MYA YAR GONE STREET, NO.(16), SHWE MYA YAR HOUSING, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/THAGAKA(N)138872<br>SPTA-038768 |
| 13 | H B N COMPANY LIMITED | AYE MYA THIDAR<br>MR LEE MOO SOO | NGA. HTUT KYEE PAGODA STREET 107/109 BAHAN, YANGON REGION | 7/TANGANA(N)134521<br>M 35731962 |
| 14 | HARRIER COMPANY LIMITED | NYI NYI HTWE | 21/26 SHWE OHN PIN HOUSING .YANSHIN ROAD.YANKIN TOWNSHIP , YANGON REGION | 13/YASANA(N)054810 |
| 15 | HAY SHAN SMILE COMPANY LIMITED | KYI MIN<br>WIN WIN MAW | NO.(115), 92 STREET, KAN SHAE WARD, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/KAMANA(N)099792<br>12/KAKHAKA(N)060953 |
| 16 | H - HTET COMPANY LIMITED | DAW LAE LAE WIN<br>U THET KO KO OO<br>U YAN NAING LIN | BALEKA 11TH STREET NO.325/A 10 TH BLOCK , SOUTH OKKALAPA TOWNSHIP , YANGON | 12/OUKATA(N)016858<br>12/OUKATA(N)156339<br>12/OUKATA(N)177849 |
| 17 | INFRA TRADE COMPANY LIMITED | HTIN LIN AUNG<br>KHIN MAUNG WIN<br>U THAN LWIN | NO(130/1), THAN THU MAR ROAD 7 FLOOR SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/SAKHANA(N)058308<br>12/MAGADA(N)079692<br>12/YAKANA(N)026355 |
| 18 | K L T ENTERPRISE LIMITED | DAW KYI KYI MYA<br>U TOE LAY | NO.576, STRAND ROAD, LANMADAW TOWNSHIP, 1ST FLOOR, YANGON, MYANMAR | 12/PABATA(N)029621<br>12/LAMADA(N)018630 |
| 19 | KHAING & HLAING TRADING COMPANY LIMITED | MIN KHAING<br>SIZAR YU HLAING | INYAR MYAING ROAD,NO.(23/8), GOLDEN VALLEY (2), BAHAN TOWNSHIP, YANGON REGION | 5/SAKANA(N)005685<br>9/MAKANA(N)092679 |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 20 | KHIN HOKE FAMILY & GROUP COMPANY LTD | DAW CHAN MYAE KYAW | 6-STREET, NO.(67/2), 14-QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/OUKATA(N)128820 |
| | | DAW THINZAR TUN | | 12/OUKAMA(N)187688 |
| | | DR. KHIN LAT LAT MON | | 12/OUKATA(N)120208 |
| | | U HTET LIN AUNG | | 12/OUKATA(N)163821 |
| | | U KHANT MIN THEIN | | 12/OUKAMA(N)214353 |
| | | U KYAW LWIN | | 7/PAKHANA(N)174808 |
| | | U NYI ZAW MYINT | | 12/OUKATA(N)199689 |
| | | U WAI LWIN OO | | 12/AHSANA(N)097573 |
| 21 | LILYPAD COMPANY LIMITED | DAW AYE MIN KHAING | AH-MA- KA (49) KYAUNG STREET NO.(100),TAUNG THU GONE WARD, INSEIN TOWNSHIP, YANGON | 12/AHSANA(N)184316 |
| | | DAW NANG SEIN NWE OO | | 13/TAKANA(N)220850 |
| | | U SETT TUN KHAING | | 12/AHSANA(N)181982 |
| | | U SHWE KHINE | | 12/AHSANA(N)045333 |
| 22 | LIN EMPIRE BUSINESS GROUP COMPANY LIMITED | SAN SAN MYINT | NO.5, AYE THARYAR STREET, MAN AUNG QUARTER,TAMWE TOWNSHIP YANGON REGION | 12/MAGATA(N)081968 |
| | | SAW THUREIN HTET | | 12/TAMANA(N)117747 |
| | | THEIN LIN AUNG | | 12/TAMANA(N)002961 |
| 23 | LOYAL EPIC COMPANY LIMITED | DAW KHIN MALAR AYE | 53RD STREET, BUILDING NO.52, 2ND FLOOR, PAZUNDAUNG TOWNSHIP,YANGON REGION | 12/THAGAKA(N)021558 |
| | | DAW KHIN MYAT NANDAR AYE | | 12/THAGAKA(N)173511 |
| 24 | MGAS TRADING COMPANY LTD. | U CHIT KO KO | THIRI KHAY MAR ST. NO. 17, ZAWANAWARD, THINGANKYUN TOWNSHIP, YANGON | 12/THAGAKA(N)203318 |
| | | U MAUNG GYI | | 12/DAGATA(N)008208 |
| 25 | MYANMAR CABLE MART COMPANY LIMITED | PYAYE PHYO TUN | NO. 101-A, DANA AUNG STREET,THUWANA (29) QUARTER, HINGANGYUN TOWNSHIP, YANGON REGION, | 8/GAGANA(N)076494 |
| | | ZAY YAR LWIN | | 12/BATAHTA(N)026834 |
| 26 | MYANMAR SIMCO SONG DA JOINT STOCK COMPANY LIMITED | DUONG VAN TOAN | YANSHIN ROAD,BUILDING (24), ROOM 34, SHWE OHN PIN HOUSING (YANKIN PALM VILLAGE(2)),YANKIN TOWNSHIP, YANGON | C3007556 |
| | | NGUYEN BA KHOAT | | C1350602 |
| | | NGUYEN CONG KIEN | | C3210275 |
| | | NGUYEN MINH HUNG | | B3430733 |
| | | NGUYEN VAN THANTH | | B4975368 |
| 27 | MYANMAR TOP ONE COMPANY LIMITED | DAW THIDA SAN | BUILDING NO.96, NILAR STREET ROOM NO.1,2,3,4,5 SAW BWAR GYI GONE, INSEIN TOWNSHIP, YANGON REGION | 13/NASANA(N)011269 |
| | | U SHWE HTOO | | 13/NASANA(N)022833 |
| 28 | MYANMAR WOOD MART CO., LTD (အမည်ပြောင်းထားပါသည်) DAWEI RIVER ENTERPRISE COMPANY LIMITED | DAW NAN KHAM PHAUNG | THIRIYADANA WHOLESALES MARKET NO.J(66) NORTH OHKALAPA TOWNSHIP , YANGON | 13/MAHSATA(N)047901 |
| | | U KAW SHIN HAW | | 13/KAKHANA(N)012216 |
| 29 | MYAT KYAW KYAW COMPANY LIMITED | U KYAW THAN | NO.(1/133),SE PIN STREET,TAUNG THAR WARD,PYINMANA TOWHSHIP, NAYPYITAW, 09450062737, onlineking111@gmail.com | 9/PAMANA(N)088116 |
| 30 | MYO MYANMAR TUNN COMPANY LIMITED | U THU RA | KARYA 6 STREET, NO1/136A MINGALARDON TOWNSHIP, YANGON REGION | 12/LATHAYA(N)003043 |
| 31 | NOBLE GREEN TRADING COMPANY LIMITED | DAW WIN | YAYKU STATION STREET, NO.(44)(8) QUARTER,MAYANGONE TOWNSHIP, YANGON | 11/SATANA(N)000351 |
| | | U AUNG AUNG | | 12/DAGATA(N)046951 |
| | | U THAN WIN | | 12/AHSANA(N)169522 |
| 32 | NYEIN HSU LATT COMPANY LIMITED | DAW NU NU MOE | NO.(833), BO MUE BA HTOO STREET, (133) WARD, DAGON (EAST) TOWNSHIP, YANGON | 12/MAYAKA(N)095337 |
| | | DAW THAE SU SAN | | 5/KATHANA(N)074401 |
| | | U KYAW SWAR HTWE | | 12/MAYAKA(N)109373 |
| | | U THIHA | | 14/KAKANA(N)100664 |
| 33 | ONGOING BUSINESS GROUP LIMITED | DAW KAYTHI WIN AUNG | (40TH) STREET,NO.(242), KYAUKTADA TOWNSHIP, YANGON REGION | 8/THAYANA(N)077031 |
| | | U TUN TUN | | 12/KATATA(N)013577 |
| 34 | PANDAW CRUISES LIMITED | LIN LIN HTUN | NO. 121KYAW SWAR QUARTER, NAUNG U TOWNSHIP, MANDALAY REGION | 12/KAMATA(N)084627 |
| | | WAH WAH MOE | | 9/NYAOUNA(N)161277 |
| 35 | POPA-L COMPANY LIMITED | KHIN NYO LATT | SEIKKAN THAR STREET, NO.(245),GROUND FLOOR, UPPER BLOCK,KYAUKTADA TOWNSHIP, YANGON REGION | 14/PATHANA(N)057316 |
| | | KHIN AYE MYINT | | 14/PATHANA(N)062654 |
| | | TUN CHIT | | 12/KATATA(N)020993 |
| 36 | QUILLING CARD MYANMAR COMPANY LIMITED | DAW AYE AYE SWE | YADANARMON 2ND STREET, AYE YEIK MON HOUSING NO.9,4TH QUARTER, HLAING TOWNSHIP, YANGON | 12/DAGANA(N)022625 |
| | | HNIN SABEI SWE | | 12/DAGANA(N)022627 |
| 37 | RAJU INTERNATIONAL TRADING COMPANY | U ZAW NAING | SYI BIN STREET,NO.(79),24 QUARTER, DAGON MYOTHIT (SOUTH) TOWNSHIP,YANGON | 3/BAAHNA(N)319664 |
| 38 | RED PEACOCK COMPANY LIMITED | DAW TIN ZAR MAW | ANAW YAHTAR ROAD,NO,235/A (10)WARD,HLAING THARYAR TOWNSHIP, YANGON | 12/LATHAYA(N)091443 |
| | | DAW YIN MIN TUN | | 12/LATHAYA(N)021532 |
| | | U AYE MIN | | 12/LATHAYA(N)016509 |
| 39 | ROBUST COMMODITIES MYANMAR LTD | DAW THE SU SU AUNG | SULE PAGODA ROAD, NO. (182-194) 3RD FLOOR, UNIT NO.66, KYAUKTADA TOWNSHIP, YANGON REGION | 7/THAWATA(N)115177 |
| | | MR. RAAGHAVAN NAARAYAN | | K 0496837B |
| | | MRS. ANURADHA NAARAYAN | | K0193383R |
| 40 | ROSE CITY (MYANMAR) COMPANY LIMITED | U ARHYUP ALLY | KON ZAY DAN STREET, NO.126/130,PABEDAN TOWNSHIP, YANGON REGION | 12/TAMANA(N)101928 |
| | | U MEHMOOD | | 12/PABATA(N)002580 |
| | | U SHAHABUDEEN | | 12/BATAHTA(N)036602 |
| 41 | SANMIK NATURAL FOOD MYANMAR (PRIVATE) LTD. | MR. PATHMALAL WITHANAGE | NO. 803, MYITTA YEIK MON HOUSING, DAMADARNA STREET, NATCHAUNG QUARTER, TAMWE TOWNSHIP, YANGON | N6556447 |
| | | U HLAING MIN HTIKE | | 13/MAMANA(N)007898 |
| | | U SAN LIN | | 13/THAPANA(N)007045 |
| 42 | SAT WINE INN ARR MINING COMPANY LIMITED | DAW YAN LI WAR @ HLA HLA SAN | 43RD STREET NO.39 , GROUND FLOOR 6 QUARTER/ BOTAHTAUNG TOWNSHIP, YANGON | 13/KATANA(AEI)000076 |
| | | U SAI YE KYAUK | | 13/KATANA(N)001431 |
| 43 | SAVITA COMPANY LIMITED | DAW OHN MAR WIN | NO.29/5 FLOOR(B),94TH STREET, KANTAWKALAY SOUTH QUATER/ YANGON/ MINGALAR TAUNG NYUNT TOWNSHIP, YANGON | 14/THAMANA(N)000098 |
| | | U ELAN GO@AUNG NAING | | 12/MAGATA(PYU)000008 |
| | | U MYINT SWE | | 14/PATHANA(N)045385 |
| 44 | SCAI YANGON LIMITED | DAW THAN THAN AYE | NO. 3 HIGHWAY ROAD, ROOM 46, 47, BLOCK CC 44-65 THIRIYADANA WHOLESALE MARKET, NORTH OKKALAPA TOWNSHIP, YANGON | 10/THAPHAYA(N)008199 |
| | | MR. TAN SIOW CHUA | | E6516858F |
| | | MS. LEE SWEE HOON | | K1363143R |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| | | | | |
|---|---|---|---|---|
| 45 | SEIN FAMILY EXPORT & IMPORT COMPANY LIMITED | DAW SEIN | SHWE YIN AYE PAGODA STREET, HLAING THARYAR INDUSTRY ZONE, NO.189(A)(5) EXTENSION HLAING THARYAR TOWNSHIP, YANGON | 12/OUKAMA(N)124273 |
| | | U AYE SU | | 12/OUKAMA(N)124812 |
| | | U CHAUNG SU | | 12/OUKAMA(N)124026 |
| | | U HTEIN SU | | 12/LAMANA(N)111651 |
| | | U KYAW MIN OO | | 12/OUKAMA(N)000427 |
| | | U KYIN SU | | 12/OUKAMA(N)149173 |
| | | U MYAING SU | | 12/OUKAMA(AEI)000190 |
| | | U WE SU | | 12/OUKAMA(N)149171 |
| 46 | SEINN YADANAR THAIK COMPANY LIMITED | DAW HKAWN BU | (51ST) STREET, (MIDDLE BLOCK), NO.(93), 7TH FLOOR, WARD NO.(1), PAZUNDAUNG TOWNSHIP, YANGON | 13/KAKHANA(N)043355 |
| | | DAW YAN IN NYO | | 13/TAYANA(N)014564 |
| | | U AUNG NAING | | 13/TAYANA(N)024904 |
| | | U KYAW TUN | | 13/TAYANA(N)014963 |
| 47 | SEMAS MYANMAR MANUFACTURING COMPANY LIMITED | DAW SOE MOE KO | NO. (145/A), TWIN THIN TAIK WUN U TUN NYO STREET, SOUTH DAGON SEIKKAN INDUSTRIAL ZONE, INDUSTRIAL ZONE (1), DAGON SEIKKAN TOWNSHIP, YANGON | 12/LAMATA(N)021752 |
| 48 | SHENG XING DA COMPANY LIMITED | DAW KYAWE CHIN | NO.41,PAN WHAR STREET, YANGON THIT QUARTER,THINGANGYUN TOWNSHIP, YANGON | 13/LAYANA(N)217700 |
| | | U AUNG KYAW ZAWW | | 10/MALAMA(N)128056 |
| 49 | SHWE KYAW ZAW COMPANY LIMITED | DAW SU WAI LINN | AYETHARYAR STREET,NO.(D-44) FMI HOUSING/YANGON/ HLAING THAR YAR, YANGON REGION | 12/DAGANA(N)028592 |
| | | DAW WAI MYO HTET | | 7/PAMANA(N)000288 |
| | | U MINN KHANT | | 12/DAGANA(N)028593 |
| | | U WIN NAING LINN | | 13/THAPANA(N)065511 |
| 50 | SHWE YAUNG SIN TUN COMPANY LIMITED | AYE AYE WIN | MIN YE KYAW SWAR (10) STREET, NO-3/3/56 3 QUARTER, HLAING THARYAR TOWNSHIP, YANGON REGION, 09-420178658, shweyaung sintun@gmail.com | 12/AHLANA(N)009253 |
| | | THAN HTWE | | 12/AHLANA(N)001814 |
| | | YE HTUT ZAW | | 12/AHLANA(N)044438 |
| 51 | TECHNOLAND COMPUTER TRADING COMPANY LIMITED | MYAT SOE WIN | NO. (162-170), 36TH STREET MIDDLE BLOCK, KYAUKTADA TOWNSHIP,, YANGON REGION | 12/LAMATA(N)019335 |
| | | NAW AYE AYE MYAT | | 14/HATHATA(N)001428 |
| 52 | THI HA SOE SAN PRODUCTION CO., LTD | DAW SHU KYI | NO.H/78, AHTHAWKA STREET MAYONGONE TOWNSHIP, YANGON REGION | 14/PATHAYA(N)083745 |
| | | U AUNG THEIN | | 14/PATHAYA(N)083744 |
| | | U MYO MIN AUNG | | 14/PATHANA(N)164678 |
| | | U THANT ZIN SOE | | 13/MAPATA(N)031033 |
| | | U TIN TUN AUNG | | 14/PATHANA(N)164679 |
| 53 | TROPICAL WOODS COMPANY LIMITED | BIL KIS @ HLA HLA WIN | NO.(107/108), MAKHAYAR MINTHAR GYI STREET DAGON SEIKKAN INDUSTRIAL ZONE(.II), DAGON SEIKKAN TOWNSHIP, YANGON REGION 09-961593671, yenooslawfirm@gmail.com | 12/PABATA(N)005293 |
| | | ZAINAB BI BI @ TIN TIN WIN | | 12/PANATA(N)027412 |
| 54 | VENEER INTERNATIONAL MYANMAR COMPANY LIMITED | MR NITESH KUMAR GUPTA | PLOT NO.16, CORNER OF THUKHITAR STREET AND MYA AYAR STREET DAGON SEIKKAN INDUSTRIAL ZONE ( II ) DAGON SEIKKAN TOWNSHIP, YANGON REGION | Z2084287 |
| | | MR.RAHUL GOPICHAND GUPTA | | Z2333588 |
| | | U MIN KUN HTAW | | 12/DAGANA(N)000455 |
| 55 | VILITHAR INTERNATIONAL TRADING COMPANY LIMITED | DAW NAW EI HTOO PHAW | A STRONG GOLDEN STREET, NO,O-238 FMI CITY, HLAING THAR YAR TOWNSHIP, YANGON | 14/MAAHPA(N)350110 |
| | | DAW NAW EI THI PHAW | | 14/MAAHPA(N)297943 |
| 56 | WATERSTONE COMPANY LIMITED | DAW THYNN WYNN AYE | KABARAYE PAGODA ROAD,UNIT 10-5,PEARL CONDO BAHAN, YANGON, | 12/KAMAYA(N)053011 |
| | | DAW WYNN WYNN NYUNT | | 12/THAGAKA(N)191307 |
| 57 | ZARNI LINN COMPANY LIMITED | AUNG WIN | NO.186/188, ROOM (6-A), PANSODAN MIDDLE BLOCK KYAUKTADA TOWNSHIP, YANGON | 12/BATAHTA(N)034134 |
| | | AYE SANDAR HTUN | | 12/THAKATA(N)161719 |
| | | SEIN WIN | | 12/BATAHTA(N)035029 |
| 58 | KAY THI (MYAWADDY) COMPANY LIMITED | DAW KAY THI WIN | NO.299, ROOM (406), GYOE PHYU CONDO, GYOE PHYU STREET, MINGLLAR TAUNG NYUNT, YANGON | 3/KAKAYA(N)068750 |
| | | MA EAINDAW KYAW | | 3/KAWATA(N)063158 |
| | | U PAING NYEIN OO | | 3/MAWATA(N)0218301 |
| 59 | SHWE NAN TAW GENERAL BUSINESS COOPERATION ASSOCIATION LIMITED | U NYUNT WIN | No.18, LONE THWE MHWE STREET, 5 WARD, MYAWADDY, KAYIN STATE | 9/KAPATA(N)057269 |
| | | U TIN MAUNG YI | | 9/KAPAPA(N)066609 |
| | | U TIN SOE | | 3/KATAYA(N)112575 |
| | | DAW THIN THIN YU | | 9/KAPATA(N)027404 |
| | | DAW ZIN MOH MOH MAUNG | | 9/KAPATA(N)181717 |

▼ *ကျောဖုံးမှ*

Nissan Diesel Truck တစ်စီးနှင့် Dagon Tawwin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၅၅၃၉၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ် ကလွင်ကျေးရွာ၌ တရားမဝင် အခြားသစ် ၃ ဒသမ ၀၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၇၆၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃) မိုင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၉၇၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ် (၂၁) အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၆၈၉၇၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၈၉၇၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၆) ရပ်ကွက် ရိုးမလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်အခြားသစ် ၈ ဒသမ ၂၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၈၅၇၆၀) နှင့် အဆိုပါသစ် များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၈၅၇၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၁) လမ်းအနီးလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၂၅ ဂါလန်၊ ဓာတ်ဆီ ၂၀ ဂါလန်နှင့် ဆက်စပ်ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၉၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် ပခုက္ကူခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၄၊ ၂၅ နှင့် ၂၆ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၄၂၁၆၃၁)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။





**တက်ကြွစွာဆောင်ရွက်**

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**အမြန်ဆုံး ဆက်လက်ပြုပြင်**

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

# လက်ဘနွန်အခြေအနေနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်တွင် အမေရိကန်နှင့်အတူ ပြင်သစ်ပါဝင်



**ပါရီ စက်တင်ဘာ ၂၆**

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ၂၁ ရက်ကြာ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်အတွက် အမေရိကန်နှင့်အတူ ပြင်သစ်နိုင်ငံလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

စက်တင်ဘာ ၂၅ ရက်ကပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆွေးနွေးပွဲတွင် ပြင်သစ်နိုင်ငံ၏ ဥရောပရေးရာနှင့် နိုင်ငံခြားရေးရာဝန်ကြီး Jean-Noel Barrot က အဆိုပါအစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား ပဋိပက္ခအရှိန်မြင့်လာခြင်းအတွက် ဆွေးနွေးရန် ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ မကြာမီအချိန်အတွင်း ယာယီအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အများပြည်သူသိအောင် ကြေညာတော့မည်ဟုလည်း ၎င်းက ပြောသည်။

ပဋိပက္ခဖြစ်နေသည့်နှစ်ဖက်စလုံးမှ ယင်းအဆိုပြုချက်ကိုလက်ခံရန် တွက်ချက်မှုများပြုလုပ်နေသည်ဟုလည်း ၎င်းကဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တောမီးအန္တရာယ်ကြောင့် အီကွေဒေါနိုင်ငံမြို့တော်၌ အရေးပေါ်အခြေအနေအဖြစ် ကြေညာ

**ကွီတို စက်တင်ဘာ ၂၆**

အီကွေဒေါနိုင်ငံမြို့တော် ကွီတို ၏ အစိတ်အပိုင်းအချို့တွင် တောမီးများ ဆက်လက်လောင်နေသည့်အတွက် စက်တင်ဘာ ၂၅ ရက်က အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရကြောင်း မြို့တော်ဝန် ပါဘယ်မူနေ့ဇ်က ပြောသည်။

ကွီတိုမြို့ အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲမှုကော်မတီက ထိုသို့ကြေညာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြို့တော်အရှေ့ပိုင်းရှိ နေရာတွင် တောမီးလောင်မှုများ ကြီးမားသဖြင့် ပျက်စီးမှုများကို အကဲဖြတ်ကာ ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၂၄ ရက်က တောမီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း အဆိုးရွားဆုံး တောမီးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ သီးနှံစိုက်ခင်း အများအပြား မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်ခြောက်လုံး ပျက်စီးခဲ့ရသည်။ ထို့ပြင်မြို့တော်၌ မီးခိုးငွေ့များဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီများထံမှ ဒေါ်လာတစ်သန်းထက်မနည်း အကူအညီရရှိနိုင်မည်ဖြစ်ပြီး အဆိုပါ အကူအညီသည် မီးလောင်မှုကြောင့် ပျက်စီးသွားရသည့် ဂေဟစနစ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် အရေးပါသည်ဟု ၎င်းကဆက်ပြောသည်။ တောမီးလောင်မှုအား ထိန်းသိမ်းနိုင်ရေး အာဏာပိုင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော်မွမ်ဘိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် လေးဦးသေဆုံး

**မွမ်ဘိုင်း စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် လူလေးဦး ထက်မနည်းသေဆုံးခဲ့ကြောင်း အရာရှိများက စက်တင်ဘာ ၂၆ ရက်က ပြောကြားလိုက်သည်။

စက်တင်ဘာ ၂၅ ရက်ကတည်းက သဲကြီးမဲကြီး ရွာသွန်းခဲ့သောမိုးကြောင့် လမ်းများ ရေကြီးရေလျှံဖြစ်ကာ မြို့တော်တစ်ခုလုံး သွားလာလှုပ်ရှားမှုများ ရပ်တန့်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက်တွင် ကျောင်းများကို ပိတ်လိုက်ရသည်။

မွမ်ဘိုင်း၏ ဆင်ခြေဖုံးတစ်ခုဖြစ်သည့် အရှေ့အန်ဒါရီ၌ ရေနုတ်မြောင်းရေလျှံမှုကြောင့် အသက် ၄၅ နှစ်အရွယ်အမျိုးသမီးကြီးတစ်ဦးသေဆုံးခဲ့ပြီး ရိုင်ဂတ်မှ အမျိုးသမီးတစ်ဦးလည်း တောင်ကျရေကြောင့် သေဆုံးခဲ့သည်။ ထို့အတူ ကာလရန်ဒေသတွင်လည်း မိုးကြိုးပစ်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်။

မွမ်ဘိုင်းဒေသတချို့တွင် မိုးရေချိန် ၂၇၅ မီလီမီတာအထိ မှတ်တမ်းတင်ရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရထားလိုင်းများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့သော်လည်း စက်တင်ဘာ ၂၆ ရက်တွင် ပုံမှန်ပြန်လည်ပြေးဆွဲခဲ့သည်။ စက်တင်ဘာ ၂၅ ရက်တွင် မွမ်ဘိုင်းလေဆိပ်သို့ဆင်းသက်မည့် လေကြောင်းလိုင်း ၁၄ ခုကိုလည်း လမ်းကြောင်းပြောင်းခဲ့ရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

## တက္ကသိုလ်မောင်ရှုပ

*(စက်တင်ဘာ ၂၅ ရက်နေ့မှအဆက်)*

အယ်လ်ဒီပီပါတီရဲ့ လက်ရှိဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း တာရို အာဆိုဟာ Aso faction ရဲ့ ခေါင်းဆောင်ဖြစ်ပြီး faction တွေ ဖျက်သိမ်းဖို့ ဝန်ကြီးချုပ် ကီရှီဒါက ညွှန်ကြားတဲ့အချိန်မှာ သူ့ရဲ့ faction ဟာ နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံမှာ ထဲထဲဝင်ဝင် ပါဝင်ခြင်းမရှိတာကြောင့် လုံးဝ ဖျက်သိမ်းခြင်းမပြုဘဲ နေခဲ့ပါတယ်။ ဒါကြောင့် Aso faction ဟာ လောလောဆယ် အယ်လ်ဒီပီပါတီ အတွင်းမှာ တစ်ခုတည်းသော တရားဝင်ကျန်ရှိနေတဲ့ faction ဖြစ်ပါတယ်။ Aso faction ဟာ အဖွဲ့ဝင် လွှတ်တော်အမတ် ၅၄ ဦး ပါဝင်တဲ့အတွက် အရင်က Abe faction ပြီးရင် အဖွဲ့ဝင် ဒုတိယအများဆုံး အစုအဖွဲ့ဖြစ်ပါတယ်။ faction ခေါင်းဆောင်တစ်ဦးဖြစ်တဲ့အတွက် အယ်လ်ဒီပီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ သူ့အဖွဲ့ဝင်တွေကို ဘယ်ကိုယ်စားလှယ်ကို မဲပေးကြဖို့ တိုက်တွန်းနိုင်သူဖြစ်တဲ့အတွက် မစ္စတာ တာရို အာဆိုက ဘယ်သူ့ကို နှစ်သက်မှုရှိမလဲဆိုတာ ကိုလည်း စောင့်ကြည့်နေကြပါတယ်။ တာရို အာဆို က လောလောဆယ် သူ့ faction အဖွဲ့ဝင်ဖြစ်တဲ့ တာရို ကိုနိုကို ထောက်ခံမှာဖြစ်ပေမယ့် ဒီတစ်ယောက်ထဲကို စွဲစွဲမြဲမြဲ ထောက်ခံမှုပေးမယ့် သဘောမျိုး ပြောမထားသေးပါဘူး။ ဒုတိယအကြိမ် ရွေးချယ်ပွဲအထိ တက်လာမယ့် ကိုယ်စားလှယ်လောင်းတွေကို ကြည့်ပြီးမှ ဆုံးဖြတ်မယ့် အနေအထားမှာရှိပါတယ်။

### အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်မှုနည်းလမ်း

အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌရွေးချယ်မှုဟာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေနဲ့ အယ်လ်ဒီပီပါတီဝင် ၁ ဒသမ ၁ သန်းကသာ မဲပေးရွေးချယ်ကြမှာ ဖြစ်ပါတယ်။ မဲပေးရွေးချယ်ရာမှာ နည်းလမ်း နှစ်ခုရှိပါတယ်။ ပထမအကြိမ်ရွေးချယ်မှုမှာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်ဦးရေ ၃၆၇ ဦး ရဲ့မဲနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အယ်လ်ဒီပီပါတီဝင်တွေရဲ့ မဲတွေကနေ အချိုးကျပြောင်းလဲပြီး အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်ဦးရေနဲ့ အရေအတွက်တူညီတဲ့ ၃၆၇ မဲ၊ စုစုပေါင်း ၇၃၄ မဲကနေ ရွေးချယ်ကြမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ရွေးချယ်မှုမှာ ကိုယ်စားလှယ်တစ်ဦးဟာ မဲအရေအတွက် စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်လွန်ပြီး မဲအများစုရရှိရင် အနိုင်ရရှိမှာ ဖြစ်ပါတယ်။ ဘယ်ကိုယ်စားလှယ်မှ မဲအရေအတွက် စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်လွန် မရရှိခဲ့ရင် ဒုတိယအကြိမ် ရွေးချယ်မှုကို ဆက်လက်ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒုတိယအကျော့မှာ ပါဝင်ယှဉ်ပြိုင်နိုင်သူတွေကတော့ ပထမအကြိမ်မဲပေးမှုမှာ မဲအရေအတွက် အများဆုံးရရှိခဲ့သူ ကိုယ်စားလှယ်နှစ်ဦးသာ ဖြစ်ပါတယ်။

ဒုတိယအကြိမ်မဲပေးရာမှာ ပထမအကြိမ်နဲ့မတူဘဲ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်ဦးရေ ၃၆၇ ဦး ရဲ့မဲနဲ့ တစ်နိုင်ငံလုံးရှိပြည်နယ် ၄၇ ပြည်နယ်က အယ်လ်ဒီပီပါတီဝင်တွေအတွက် တစ်ပြည်နယ်ကို တစ်မဲနဲ့ စုစုပေါင်း ၄၇ မဲ စုစုပေါင်း ၄၁၄ မဲနဲ့ ရွေးချယ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအကျော့ ရွေးချယ်မှုမှာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေရဲ့မဲက အများစုနဲ့ အဓိကကျသွားပြီဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဒုတိယအကျော့ရွေးချယ်မှုဟာ အယ်လ်ဒီပီပါတီရဲ့ Kingmaker တွေ၊ အထူးသဖြင့် faction ခေါင်းဆောင်တွေ နိုင်ငံရေးအရ အသုံးချကစားကြတဲ့ နယ်ပယ်ဖြစ်ပါတယ်။ မိမိဖြစ်စေလိုတဲ့ ကိုယ်စားလှယ် ပထမအကြိမ် ရွေးချယ်မှုမှာ ပါမလာခဲ့ဘူးဆိုရင် ဒုတိယအကြိမ်ရွေးချယ်မှုမှာ မိမိ မနှစ်သက်တဲ့သူ ပါတီဥက္ကဋ္ဌ ဖြစ်မလာစေဖို့၊ ကျန်ကိုယ်စားလှယ်ဘက်ကို မဲအသာစီးရစေဖို့ ပုံအော မဲထည့်ကြပါတယ်။ ဒါကြောင့် ပြည်သူအများစု နှစ်သက်တဲ့သူတွေဟာ ပထမအကြိမ်မှာတင် မဲအပြတ်အသတ် အနိုင်ရရှိဖို့ လိုအပ်ပါတယ်။

စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပြုလုပ်မယ့် ရွေးချယ်မှုမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်း ကိုးဦးဟာ ဂျပန်နိုင်ငံအနှံ့ ဒေသတွေ သွားရောက်ပြီး မဲဆွယ်စည်းရုံး ဟောပြောမှုတွေကို ပြုလုပ်နိုင်ဖို့ စက်တင်ဘာလ ၁၂ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ ရက်သတ္တနှစ်ပတ် ခွင့်ပြုပေးထားပါတယ်။ ဒါဟာလည်း အရင်အကြိမ်တွေနဲ့မတူဘဲ ပါတီတွင်း ပွင့်လင်းမြင်သာမှုကို ပိုမိုပြသနိုင်ဖို့ ရည်ရွယ်ပြီး အချိန်တိုးမြှင့် ဟောပြောခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ စက်တင်ဘာလ ၁၂ ရက်နေ့က တိုကျိုမြို့ရှိ အယ်လ်ဒီပီပါတီဌာနချုပ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ကိုယ်စားလှယ်လောင်း ကိုးဦးရဲ့ ဟောပြောမှုမှာ တစ်ဦးချင်းစီရဲ့ ဦးစားပေး ဆောင်ရွက်သွားမယ့် မူဝါဒတွေကို ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။

ကာကွယ်ရေးဝန်ကြီးဟောင်း ရှိဂဲရုအိရှီဘာက သူ့အနေနဲ့ ဂျပန်နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှုအတွက် ကြိုးစားအားထုတ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အစိုးရအဖွဲ့ လက်ရှိအတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိ၊ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်ဟောင်း ကာဆုနိုဘူ ကာတို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဟောင်း ရှင်ဂျိရိုကိုအိဇုမိ၊ လက်ရှိနိုင်ငံခြားရေးဝန်ကြီး ယိုကို ကာမီကာဝါတို့ကလည်း သူတို့အနေနဲ့ အယ်လ်ဒီပီပါတီကို ပြည်သူလူထုရဲ့ ယုံကြည်နှစ်သက်မှုပြန်လည်ရရှိရေးအတွက် လုံးဝ အသွင်ပြောင်းလဲသွားနိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ကြပါတယ်။ အယ်လ်ဒီပီပါတီရဲ့ လက်ရှိအထွေထွေအတွင်းရေးမှူး တိုရှီမစ်ဆုမိုတေဂီကတော့ နိုင်ငံရေးပါတီရန်ပုံငွေတွေကို မူဝါဒရေးရာကိစ္စရပ်တွေမှာ အသုံးပြုခွင့်ကို လုံးဝပိတ်ပင်တားဆီးသွားမှာဖြစ်ကြောင်း၊ အလားတူ နိုင်ငံရဲ့ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဝင်ငွေခွန်တိုးမြှင့်ကောက်ခံရရှိရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုချင်းစီကို အခွန်တိုးမြှင့်ကောက်ခံမှု ရှောင်ရှားသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လက်ရှိ စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီး တာကာချိ ဆာနာအဲ ကတော့ သူ့အနေနဲ့ နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို အလေးပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ကြပါတယ်။

### အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်၏ တာဝန်များ

စက်တင်ဘာလ ၂၇ ရက်နေ့မှာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ကို ရွေးချယ်ပြီးတဲ့နောက် အောက်တိုဘာလ ၁ ရက်နေ့မှာ လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူပြီး ပါတီဥက္ကဋ္ဌသစ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးချုပ်အသစ်ဟာ လက်ရှိဝန်ကြီးချုပ် ကီရှီဒါရဲ့ ကောင်းမွေ ဆိုးမွေတွေကို ဆက်လက်ခံစားရမှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ကီရှီဒါလက်ထက်မှာ

*စာမျက်နှာ ၁၅ သို့*



အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်း ကိုးဦးတွင် ဝါရင့်နိုင်ငံရေးသမားများအပြင် လူငယ်နိုင်ငံရေးသမားများလည်း ပါဝင်လာ။



ဝန်ကြီးချုပ် ကီရှီဒါလက်ထက်တွင် နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို လာမည့် ငါးနှစ်အတွင်း ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားရန် ကြိုးပမ်းခဲ့သည်။

**“ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် (ဝန်ကြီးချုပ်အသစ်) လက်ထက်မှာ နိုင်ငံရဲ့ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးမူဝါဒတွေဟာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေဖြစ်လာဖို့ မရှိနိုင်ဘဲ ပါတီတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စတွေ၊ စီးပွားရေးအရ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရေးကိစ္စတွေအပေါ် ပိုမိုအလေးပေးဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒါ့အပြင် ဝန်ကြီးချုပ်အသစ်ဟာ စီးပွားရေးမူဝါဒဆိုင်ရာ အစီအစဉ်သစ်တွေကို လွှတ်တော်ရဲ့ ထောက်ခံမှုရရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ အလားတူ ဂျပန်မှာ ဝန်ကြီးချုပ်အသစ်တစ်ဦး တက်လာတိုင်း အစိုးရအဖွဲ့အပေါ် လူထုထောက်ခံမှုနှုန်း မြင့်တက်လေ့ရှိတာကြောင့် အယ်လ်ဒီပီပါတီရဲ့ ဆောင်ရွက်နေကျအတိုင်း အောက်လွှတ်တော်ကို အချိန်မတိုင်မီ ဖျက်သိမ်းပြီး ရွေးကောက်ပွဲတွေ နိုဝင်ဘာလအတွင်း ဆောလျင်စွာ ဆောင်ရွက်သွားမယ့် အလားအလာတွေလည်း ရှိနေပါတယ် ”**

*စာမျက်နှာ ၁၄ မှ*

နိုင်ငံခြားရေးမူဝါဒနဲ့ ကာကွယ်ရေးကဏ္ဍတွေမှာ အောင်မြင်မှုတွေရရှိခဲ့တယ်လို့ နိုင်ငံရေးလေ့လာသူတွေက ထောက်ပြကြပါတယ်။ ဂျပန်နဲ့ အမေရိကန်အကြား မဟာမိတ်အနေအထားကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့သလို အဆင်မပြေဖြစ်နေတဲ့ ဂျပန်–တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးကိုလည်း တောင်ကိုရီးယားသမ္မတ ယွန်းဆက်ယောနဲ့အတူ ပြန်လည်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ဂျပန်–တောင်ကိုရီးယား–အမေရိကန် သုံးနိုင်ငံ ကာကွယ်ရေးပူးပေါင်း ဆောင်ရွက်မှုတွေကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်အတွင်း ဂျပန်ဟာ G–7 အဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန် ယူထားချိန်မှာ G–7 ထိပ်သီးအစည်းအဝေးကို ဟီရိုရှီးမားမြို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ နိုင်ငံရဲ့ကာကွယ်ရေး အသုံးစရိတ်ကို ၂၀၂၇ ခုနှစ်အရောက်မှာ နိုင်ငံ့ ဂျီဒီပီရဲ့ နှစ်ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံ) အထိ တိုးမြှင့်သုံးစွဲသွားနိုင်ဖို့ ဆောင်ရွက်ခဲ့တဲ့အပြင် နေတိုးအဖွဲ့ကိုလည်း အင်ဒို–ပစိဖိတ် လေးနိုင်ငံအဖွဲ့ (Quad) နဲ့အတူ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

သို့သော်လည်း ကီရှီဒါ ဝန်ကြီးချုပ်တာဝန် စတင်ယူချိန်က ဂျပန်အိမ်ထောင်စုတွေအကြား ဝင်ငွေပိုမိုမျှတစွာရရှိရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ လူသားစွမ်းရည် အရင်းအမြစ်မြှင့်တင်ပျိုးထောင်ရေး၊ နိုင်ငံတွင်း လူဦးရေကျဆင်းနေမှုနဲ့ နောက်ဆက်တွဲပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးတွေကို “ ဈေးကွက်စီးပွားရေးပုံစံသစ်” (New form of Capitalism) နဲ့ ဆောင်ရွက်သွားမယ်ဆိုတဲ့ ကြွေးကြော်ချက်တွေဟာ ဘာမှ ထိထိရောက်ရောက် အကောင်အထည်ပေါ်မလာဘူးလို့ ဝေဖန်ခံခဲ့ရပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ် (ဝန်ကြီးချုပ်အသစ်) လက်ထက်မှာ နိုင်ငံရဲ့ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးမူဝါဒတွေဟာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေဖြစ်လာဖို့ မရှိနိုင်ဘဲ ပါတီတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စတွေ၊ စီးပွားရေးအရ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရေးကိစ္စတွေအပေါ် ပိုမိုအလေးပေးဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒ့ါအပြင် ဝန်ကြီးချုပ်အသစ်ဟာ စီးပွားရေးမူဝါဒဆိုင်ရာ အစီအစဉ်သစ်တွေကို လွှတ်တော်ရဲ့ ထောက်ခံမှုရရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ အလားတူ ဂျပန်မှာ ဝန်ကြီးချုပ်အသစ်တစ်ဦး တက်လာတိုင်း အစိုးရအဖွဲ့အပေါ် လူထုထောက်ခံမှုနှုန်း မြင့်တက်လေ့ရှိတာကြောင့် အယ်လ်ဒီပီပါတီရဲ့ ဆောင်ရွက်နေကျအတိုင်း အောက်လွှတ်တော်ကို အချိန်မတိုင်မီဖျက်သိမ်းပြီး ရွေးကောက်ပွဲတွေ နိုဝင်ဘာလအတွင်း ဆောလျင်စွာ ဆောင်ရွက်သွားမယ့် အလားအလာတွေလည်း ရှိနေပါတယ်။



**နှစ်စဉ်လူဦးရေကျဆင်းလျက်ရှိပြီး နိုင်ငံ့လူဦးရေ၏ သုံးပုံ တစ်ပုံနီးပါးရှိသော အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို တိုးပွားလာနေသည့်ကိစ္စအပေါ် ဂျပန်အစိုးရအဆက်ဆက် အလေးထားဖြေရှင်း ရလျက်ရှိသည်။**

## သုံးသပ်ချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေ ကိုးဦးအထိ စံချိန်တင် ပေါ်ထွက်လာခဲ့ပါတယ်။ အရင်ရွေးချယ်ပွဲတွေမှာ ကိုယ်စားလှယ်လောင်း အရေအတွက်ဟာ အများဆုံး လေးဦးမှ ငါးဦးအထိပဲ ရှိခဲ့ပါတယ်။ ဒါဟာ အယ်လ်ဒီပီပါတီတွင်း နိုင်ငံရေးအစုအဖွဲ့ (faction) တွေအနေနဲ့ တရားဝင်လှုပ်ရှားခွင့် မရှိတော့တာကြောင့် ပါတီတွင်းကိုယ်စားလှယ်လောင်း ရွေးချယ်ဖို့ ညှိနှိုင်းဆွေးနွေးမှုတွေ ပျက်ယွင်းနေတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ယခင်အစုအဖွဲ့တစ်ခုတည်းက အဖွဲ့ဝင်နှစ်ဦးစလုံး ( Kishida faction) အဖွဲ့ဝင် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိနဲ့ နိုင်ငံခြားရေးဝန်ကြီး ယိုကို ကာမီကာဝါ၊ (Motegi faction) အဖွဲ့ဝင် အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူး မိုတေဂီနဲ့ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း ကာဆုနိုဘူ ကာတိုပါဝင်ယှဉ်ပြိုင်ကြတာကို ကြည့်ခြင်းဖြင့် အယ်လ်ဒီပီပါတီတွင်း နိုင်ငံရေးဖရိုဖရဲဖြစ်မှု (political chaos) ကို ထင်ဟပ်ဖော်ပြနေပါတယ်။

အခုပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲပြီးလို့ အယ်လ်ဒီပီပါတီဟာ အသွင်သစ်တစ်ရပ်နဲ့ ပေါ်ထွက်မလာဘူးလို့ ပြည်သူလူထုက အမြင်ရှိခဲ့ရင် အတိုက်အခံပါတီတွေ အာဏာရရှိလာဖို့ လမ်းကြောင်းဘက်ကို ပိုမိုတွန်းအားပေးသလို ဖြစ်စေနိုင်ပါတယ်။ အတိုက်အခံနိုင်ငံရေးပါတီတွေအနေနဲ့ အာဏာရ အယ်လ်ဒီပီပါတီကို ခြိမ်းခြောက်နိုင်တဲ့ အနေအထားမှာမရှိသော်လည်း လွှတ်တော်ရွေးကောက်ပွဲတွေမှာ အယ်လ်ဒီပီလွှတ်တော်ကိုယ်စားလှယ်အရေအတွက် နည်းပါးလာဖို့ အလားအလာတွေ ရှိလာမှာ ဖြစ်ပါတယ်။ ဒီအချက်ကိုလည်း အယ်လ်ဒီပီပါတီရဲ့ ခေါင်းဆောင်တွေ ကောင်းကောင်းသိမြင်နေပါတယ်။ အစဉ်အလာအရဆိုရင် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ရာမှာ ကိုယ်စားလှယ်လောင်းတွေရဲ့ အသက်အရွယ်နဲ့ အတွေ့အကြုံကို ဦးစားပေးရွေးချယ်ကြလေ့ရှိပါတယ်။ ခေတ်သစ်ဂျပန်မှာ လက်ရှိအချိန်အထိ အသက်အရွယ်အငယ်ဆုံးနဲ့ ဝန်ကြီးချုပ် ဖြစ်လာသူဟာ အသက် ၅၂ နှစ်အရွယ် ၂၀၀၆ ခုနှစ်မှာ ဖြစ်လာတဲ့ ရှင်ဇိုအာဘေးပဲ ရှိပါသေးတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာတော့ အယ်လ်ဒီပီပါတီဟာ ပုံရိပ်အသစ်နဲ့ အမြင်သစ်စွာ ထွက်ပေါ်လာစေဖို့ လိုအပ်ချက်က ကြီးမားနေတဲ့အတွက် အသက်အရွယ်ငယ်ရွယ်သူတွေနဲ့ အမျိုးသမီးကိုယ်စားလှယ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ရှိနေပါတယ်။

အခုကိုယ်စားလှယ်လောင်း ကိုးဦးအနက် အစိုးရအဖွဲ့ လက်ရှိအတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိနဲ့ လက်ရှိနိုင်ငံခြားရေးဝန်ကြီး ယိုကို ကာမီကာဝါတို့ဟာ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်တယ်လို့ နာမည်ကောင်းရရှိကြသူတွေ ဖြစ်ပါတယ်။ သို့သော် ပြည်တွင်းမှာ လူသိများ ထင်ရှားသူတွေ မဟုတ်သလို ယိုကို ကာမီကာဝါဟာ လူထုကို စည်းရုံးဆွဲဆောင်နိုင်စွမ်း နည်းပါးသူလို့ ပါတီတွင်းမှာ လူသိများပါတယ်။ အလားတူ သူတို့ နှစ်ဦးဟာ ဝန်ကြီးချုပ် ကီရှီဒါရဲ့ အစုအဖွဲ့ (Kishida faction) အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်။ ကီရှီဒါ ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ချိန်ကစပြီး ဝန်ကြီးချုပ်ဟာ faction ခေါင်းဆောင်အဖြစ် ထမ်းဆောင်ခွင့်မရှိလို့ ယိုရှီမာဆာ ဟာယာရှိက Kishida faction ရဲ့ ခေါင်းဆောင်အဖြစ် faction မဖျက်သိမ်းခင်အထိ ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံတွေကြောင့် faction တွေအပေါ် ပြည်သူလူထုက အမြင်မကြည်မလင် ဖြစ်နေကြသလို ကီရှီဒါရဲ့ မူဝါဒတွေကို ဆက်လက်အကောင်အထည်ဖော်ကြမယ့် သူတွေလို့ မြင်နေတာကြောင့် သူတို့နှစ်ဦးဟာ အလားအလာ နည်းပါးတယ်လို့ သုံးသပ်နိုင်ပါတယ်။



**အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲပြီးနောက် ဂျပန်နိုင်ငံရေး၌ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂနှင့် ရှင်ဂျိရို ကိုအိဇုမိ ပူးတွဲဆောင်ရွက်မည့် အခင်းအကျင်း ဖြစ်လာနိုင်ခြေရှိကြောင်း ခန့်မှန်းနေကြ။**

အယ်လ်ဒီပီပါတီရဲ့ လက်ရှိအထွေထွေအတွင်းရေးမှူး တိုရှီမစ်ဆု မိုတေဂီဆိုရင်လည်း ပါတီတွင်းမှာရော၊ အစိုးရအဖွဲ့အတွင်းမှာပါ အတွေ့အကြုံတွေ အများအပြားရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ သို့သော် သူကိုယ်တိုင်က Motegi faction ရဲ့ ခေါင်းဆောင်အဖြစ် faction မဖျက်သိမ်းခင် အချိန်အထိ ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီ နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံမှာ သူကိုယ်တိုင်က ပါတီရဲ့ ဒုတိယတာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်နေတာရယ်၊ သူ့ faction ကိုယ်တိုင်က အရှုပ်တော်ပုံမှာ ပါဝင်နေတာကလည်း သူ့ရဲ့ပုံရိပ်ကို ထိခိုက်စေခဲ့ပါတယ်။ အကယ်၍များ ဒုတိယအကြိမ်ရွေးချယ်ပွဲအထိ တက်လာနိုင်ခဲ့မယ်ဆိုရင် သူနဲ့ဆက်ဆံရေးကောင်းတဲ့ တာရို အာဆိုရဲ့ ထောက်ခံမှုနဲ့ ဝန်ကြီးချုပ်ဟောင်း ဆုဂရဲ့ ထောက်ခံမှုကို ရရှိနိုင်မယ့် အလားအလာရှိပါတယ်။ ဒါတောင်မှ သူနဲ့အတူ ဒုတိယအကြိမ် ရွေးချယ်မှုကို တက်လှမ်းလာနိုင်မယ့် နောက်ကိုယ်စားလှယ် ဘယ်သူဆိုတာကို ထည့်တွက်ချက်ဖို့ လိုပါတယ်။ အလားတူ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဖြစ်တဲ့ မစ္စတာ တာကာယူကီ ကိုဘာယာရှိဟာ စီးပွားရေးဆိုင်ရာ မူဝါဒတွေကို ထဲထဲဝင်ဝင် သိနားလည်တဲ့ လူငယ်ပိုင်း နိုင်ငံရေးသမားတစ်ဦး ဖြစ်တယ်လို့ နာမည်ရရှိထားသော်လည်း လွှတ်တော်အမတ် သက်တမ်းလေးကြိမ်သာ ထမ်းဆောင်ဖူးခြင်းကြောင့် အတွေ့အကြုံနည်းပါးသူ ဖြစ်ပါတယ်။ ဒ့ါအပြင် သူသာ ပါတီဥက္ကဋ္ဌဖြစ်လာခဲ့ရင် နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံမှာ ပါဝင်ပတ်သက်မှုကြောင့် ဝန်ကြီးချုပ် ကီရှီဒါလက်ထက်မှာ အပြစ်ပေးအရေးယူထားတဲ့ လွှတ်တော်အမတ်တွေ၊ ပါတီဝင်တွေရဲ့ ပြစ်ဒဏ်တွေကို လျှော့ပေါ့ပေးမယ်လို့ ပြောကြားခဲ့မှုအတွက် ဒီအချက်အပေါ် ပြည်သူလူထုရဲ့ ဝေဖန်မှုကို ခံနေရပါတယ်။ သူဟာ ပါတီတွင်းမှာလည်း ကျောထောက်နောက်ခံပေးနိုင်မယ့်ပုဂ္ဂိုလ် ခိုင်ခိုင်မာမာ မရှိခြင်းဟာ သူ့ရဲ့အားနည်းချက်တစ်ခု ဖြစ်ပါတယ်။

လက်ရှိ စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီးဖြစ်တဲ့ မစ္စ တာကာချိ ဆာနာအဲဟာ ယခင် ၂၀၂၁ ခုနှစ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးရဲ့ အားပေးထောက်ခံမှုနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ပါတယ်။ အခုအချိန်မှာ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး မရှိတော့တဲ့အတွက် ပါတီတွင်း ခိုင်ခိုင်မာမာ ထောက်ခံမှု အားနည်းပါတယ်။ သို့သော် အမျိုးသမီး နိုင်ငံရေးသမားတွေအကြား ပြုပြင်ပြောင်းလဲရေးကို ခိုင်ခိုင်မာမာ ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒရှိသူတစ်ဦး ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေး၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးမှာ သဘောထားတင်းမာသူတစ်ဦး ဖြစ်တယ်လို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေးမှာ အမြင်ကွဲပြားမှုတွေရှိနေတဲ့ ယာဆုကုနိ ဘုရားကျောင်းကို နှစ်စဉ်ကိုယ်တိုင် သွားရောက်ဝတ်ပြုဆုတောင်းလေ့ရှိသူတစ်ဦး ဖြစ်ပါတယ်။ ထောက်ခံသူအသင့်အတင့်ရှိပြီး အကယ်၍ ပါတီဥက္ကဋ္ဌရွေးချယ်ပွဲမှာ ဒုတိယအကြိမ်အထိ တက်လာနိုင်ခဲ့မယ်ဆိုရင် အလေးထားစောင့်ကြည့်သွားရမယ့်သူတစ်ဦး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရွေးချယ်ပွဲကို ကာကွယ်ရေးဝန်ကြီးဟောင်း အီရှီဘာနဲ့အတူ တက်လာပြီဆိုရင်တော့ သူဟာ အလားအလာ အကောင်းဆုံးဖြစ်သွားနိုင်သူတစ်ဦး ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးဝန်ကြီး တာရို ကိုနိုကတော့ ဂျပန်နိုင်ငံမှာ ဒေါင်ဒေါင်မြည် နိုင်ငံရေးသမားတစ်ဦးလို့ သတ်မှတ်ကြပါတယ်။ လူမှုကွန်ရက်တွေကနေတစ်ဆင့် သူလုပ်ဆောင်နေရတဲ့ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်တွေတင်မှုကြောင့် လူသိများသလို လုပ်ရည်ကိုင်ရည်လည်း ရှိတယ်လို့ သတ်မှတ်ကြပါတယ်။ သို့သော်လည်း အစိုးရအဖွဲ့အဆက်ဆက်ဟာ သူ့ကိုအရေးပါတဲ့ ရာထူးနေရာတွေအစား ပြဿနာဖြေရှင်းကိုင်တွယ်ရတဲ့ နေရာမျိုးကိုသာ တာဝန်ပေးလေ့ရှိတာ တွေ့ရပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက်မှာ နိုင်ငံကာကွယ်ရေးအတွက် ဖြန့်ကြက်တပ်ဆင်သွားဖို့ စီစဉ်ထားရှိတဲ့ Aegis Ashore ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖျက်သိမ်းရာမှာ ဦးဆောင်ဖို့ တာရို ကိုနိုကို ကာကွယ်ရေးဝန်ကြီး တာဝန်ပေးအပ်ခဲ့ပါတယ်။ အလားတူ ဝန်ကြီးချုပ် ကီရှီဒါ လက်ထက်မှာလည်း တစ်နိုင်ငံလုံးမှာ မှားယွင်းနေတဲ့၊ အခက်အခဲဖြစ်ပေါ်နေတဲ့ My Number Card စနစ်ကို

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

ကိုင်တွယ်ဖြေရှင်းရတဲ့ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးဝန်ကြီး တာဝန်ပေးအပ်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလက ပြုလုပ်ခဲ့တဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ လက်ရှိဝန်ကြီးချုပ် ကီရှီဒါနဲ့အတူ ဒုတိယအကြိမ်ရွေးချယ်မှုအထိ တက်လာခဲ့ပြီး ဒုတိယအကြိမ်မှာ ကီရှီဒါကို ရှုံးနိမ့်ခဲ့ပါတယ်။ အခုလာမယ့်ရွေးကောက်ပွဲမှာ ဒုတိယအကြိမ်အထိ တက်လာခဲ့ရင် အယ်လ်ဒီပီပါတီ ဒုတိယဥက္ကဋ္ဌ တာရို အာဆို factionရဲ့ ထောက်ခံမှုကို ရရှိနိုင်ပြီး အခြေအနေကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကာဆုနိုဘု ကာတိုဟာ ပြင်ပမှာ လူသိနည်းပါးသော်လည်း အယ်လ်ဒီပီပါတီတွင်းမှာ လူသိများပြီး လူချစ်လူခင်လည်း ပေါများသူတစ်ဦး ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆုဂလက်ထက်မှာ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးချုပ် ဆုဂရဲ့ ယုံကြည်ရသူ ညာလက်ရုံးတစ်ယောက် ဖြစ်ပါတယ်။ လုပ်ငန်းကို တည်တည်ငြိမ်ငြိမ်နဲ့ ဆောင်ရွက်တတ်သူတစ်ဦးဖြစ်ပြီး နိုင်ငံရေးအစုအဖွဲ့ (faction) ဝင် ပုဂ္ဂိုလ်တွေရော နိုင်ငံရေးအစုအဖွဲ့ဝင် မဟုတ်သူတွေရောရဲ့ ထောက်ခံမှုကို ရနိုင်သူဖြစ်ပါတယ်။ ဒုတိယအကြိမ် ရွေးချယ်ပွဲအထိ တက်လာဖို့ အလားအလာနည်းပါးပြီး အခြေအနေအရပ်ရပ်ကြောင့် ဒုတိယအဆင့်အထိ ရောက်လာခဲ့ရင်တော့ အလားအလာရှိသူတစ်ဦးလို့ ပြောနိုင်ပါတယ်။

စက်တင်ဘာလ ၂၇ ရက်နေ့ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြသူ ကိုယ်စားလှယ်တွေအနက် အချို့က လည်း ထောက်ခံသူ အများအပြားရှိသလို အချို့က လည်း ထောက်ခံသူအသင့်အတင့် ရှိကြသူများ ဖြစ်ကြပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်ဦးရေဟာ စံချိန်တင် ကိုးဦးအထိ ရှိနေတဲ့အတွက် မဲတွေ ကွဲပြားသွားမယ့် အနေအထားမှာရှိနေပြီး ပထမအကြိမ် ရွေးချယ်မှုမှာ ကိုယ်စားလှယ်တစ်ဦးတည်းက အများစုအနိုင်ရရှိသွားမယ့် အလားအလာဟာ နည်းပါးနေပါတယ်။ ဒုတိယအကြိမ် ရွေးချယ်မှုပြုလုပ်ရမယ်ဆိုရင် ပထမအကြိမ်မှာ မဲအရေအတွက် အများဆုံးရရှိမယ့်သူ နှစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ဒုတိယအကြိမ် ရွေးချယ်မှုကို တက်နိုင်မယ့်သူ နှစ်ဦးဟာ ကာကွယ်ရေး ဝန်ကြီးဟောင်း မစ္စတာ ရှီဂဲရု အီရှီဘာနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဟောင်း ရှင်ဂျီရို ကိုအိဇုမိတို့ပဲ ဖြစ်နိုင်ခြေရှိပါတယ်။ သူတို့ နှစ်ဦးသာလျှင် ဂျပန်သတင်းဌာနတွေရဲ့ ပြည်သူလူထုနှစ်သက်မှု စစ်တမ်းကောက်ယူမှု အကြိမ်တိုင်းမှာ ပထမနဲ့ ဒုတိယနေရာကို အမြဲရရှိနေကြတာ ဖြစ်ပါတယ်။

ဒီကိုယ်စားလှယ် နှစ်ဦးအနက် အတွေ့အကြုံတွေအများအပြားရှိတဲ့ ကာကွယ်ရေးဝန်ကြီးဟောင်း မစ္စတာရှီဂဲရုအီရှီဘာဟာ လူထုစစ်တမ်းကောက်ယူမှုအကြိမ်တိုင်းမှာ ထိပ်ဆုံးက အမြဲပြေနေတဲ့သူဖြစ်ပါတယ်။ သို့သော် သူဟာ ပထမအကြိမ်ရွေးချယ်မှုမှာ မဲစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်ပြီး အများစုအနိုင်ရရှိသွားဖို့ အထူးလိုအပ်ပါတယ်။ ပထမအကြိမ်မှာကတည်းက အပြတ်အသတ် အနိုင်ရရှိမှသာလျှင် သူ့အတွက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်ဖို့ သေချာစေမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ဒုတိယအကြိမ် ဆက်လက်ယှဉ်ပြိုင်ရပြီဆိုရင် သူ့အတွက် အလားအလာ အင်မတန် နည်းပါးသွားပြီဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ပါတီတွင်း ရပ်တည်မှုအနေအထားကြောင့် ဖြစ်ပါတယ်။



**ဝန်ကြီးချုပ် ကီရှီဒါအနေဖြင့် နိုင်ငံတွင်း လုပ်ခလစာများတိုးမြင့်ရန် ဆောင်ရွက်ရာတွင် နောက်ကျခဲ့ပြီး စားသောက်ကုန်အပါအဝင် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့။**

အယ်လ်ဒီပီပါတီဝင်တွေ၊ အထူးသဖြင့် လွှတ်တော်အမတ်တွေဟာ ပါတီဥက္ကဋ္ဌရာထူး ရွေးချယ်တဲ့နေရာမှာ သူတို့အလေးပေးစဉ်းစားတဲ့ အချက်တွေ ရှိပါတယ်။ ဥပမာအားဖြင့် ခင်မင်ရင်းနှီးမှု၊ သစ္စာရှိမှုနဲ့ တာဝန်ယူတတ်မှု စတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ နှိုင်းယှဉ်ချိန်ထိုးရင် ရှီဂဲရု အီရှီဘာဟာ အမှတ်လုံးဝမရနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အီရှီဘာဟာ တစ်ချိန်က အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထုက ပြင်းပြင်းထန်ထန် ဝေဖန်ခံနေရချိန်မှာ အယ်လ်ဒီပီပါတီကနေ နုတ်ထွက်ခဲ့ပါတယ်။ နောက်မှပါတီကိုပြန်လည်ဝင်ရောက်လာခဲ့တဲ့ မှတ်တမ်းရှိခဲ့ပါတယ်။ အလားတူ တာရို အာဆို ဝန်ကြီးချုပ် တာဝန်ယူနေချိန်မှာ အီရှီဘာဟာ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး ဖြစ်သော်လည်း တာရို အာဆိုကို ရာထူးကနုတ်ထွက်ဖို့ တောင်းဆိုခဲ့ဖူးပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက်မှာလည်း အီရှီဘာဟာ ရှင်ဇိုအာဘေးကို သတင်းဌာနတွေက တစ်ဆင့် အတိုက်အခံပါတီတွေထက်တောင် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် အီရှီဘာဟာ အယ်လ်ဒီပီပါတီတွင်းမှာ "နောက်ကျောဓားနဲ့ထိုးသူ" အဖြစ် နာမည်ကျော်ကြားသူ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကျန်းမာရေးအခြေအနေအရ ရာထူးက အနားယူတော့ အယ်လ်ဒီပီဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်ပွဲမှာ အီရှီဘာနဲ့ ယိုရှီဟီဒေး ဆုဂတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာမှာ ပြည်သူလူထုအကြား ရေပန်းစားတဲ့ အီရှီဘာ အနိုင်ရသွားမှာ စိုးရိမ်ကြတဲ့အတွက် အယ်လ်ဒီပီပါတီတွင်းက Kingmaker တွေဟာ ပြည်သူလူထုရဲ့ဆန္ဒကို ပိုပိုပေါ်လွင်စေတဲ့ အယ်လ်ဒီပီ ပြည်နယ်ခွဲတွေရဲ့ မဲတွေအင်အားချည့်နဲ့သွားအောင် ဥက္ကဋ္ဌရွေးချယ်ပွဲဆိုင်ရာ စည်းမျဉ်းတွေကို ပြင်ဆင်ခဲ့ကြတဲ့အထိ ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ရှီဂဲရု အီရှီဘာဟာ စက်တင်ဘာလ ၂၇ ရက်နေ့မှာပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌရွေးချယ်ပွဲမှာ ပထမအကျော့မှာတင် မဲအပြတ်အသတ် အနိုင်ရရှိမှသာလျှင် ပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်လာဖို့ ရှိပါတယ်။ ပထမအကျော့မှာ မဲအပြတ်အသတ်မရရှိဘဲ ဒုတိယအကျော့ရွေးချယ်ပွဲ (Run-off) လုပ်ရပြီဆိုရင် လွှတ်တော်အမတ်တွေရဲ့ မဲက အဓိကကျသွားတဲ့အတွက် အီရှီဘာအတွက် အလားအလာမရှိဘူးလို့ ပြောနိုင်ပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဟောင်း ရှင်ဂျီရို ကိုအိဇုမိသာ ဒုတိယအကြိမ် ရွေးချယ်မှုအထိ တက်လှမ်းနိုင်ခဲ့ရင် အလားအလာတွေအများကြီး ရှိနေပါတယ်။ သူဟာ အသက် ၄၃ နှစ်သာ ရှိသေးတာကြောင့် အယ်လ်ဒီပီပါတီအတွက် ပုံရိပ်သစ်တစ်ရပ်ကို ဖန်တီးပေးနိုင်မယ့်သူဖြစ်ပါတယ်။ သူ့ရဲ့ဖခင်ဖြစ်သူ ဂျူနီချီရို ကိုအိဇုမိ လက်ထက်မှာ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ် သာမန်ထက် ထူးကဲအောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့တဲ့ မှတ်တမ်းရှိခဲ့တာကလည်း သူ့အတွက် အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ရှင်ဂျီရို ကိုအိဇုမိ ကိုယ်တိုင်ကလည်း အယ်လ်ဒီပီပါတီ ပြုပြင်ပြောင်းလဲရေးနဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြောကြားထားခဲ့ပါတယ်။ သူဟာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆုဂတို့ လက်ထက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေ လည်း ရှိခဲ့ပါတယ်။ သို့သော်လည်း ဝန်ကြီးတာဝန် ထမ်းဆောင်ချိန်မှာ အလုပ်နဲ့ပတ်သက်ပြီး စကားအပြောအဆို မှားယွင်းမှုမျိုးတွေ ရှိခဲ့ပါတယ်။ ဒါ့အပြင် အယ်လ်ဒီပီပါတီတွင်းမှာလည်း အဆင့်မြင့်တာဝန်တွေ ထမ်းဆောင်ခဲ့ဖူးခြင်း မရှိဘူးလို့ ထောက်ပြဝေဖန်သူတွေလည်း ရှိနေပါတယ်။

သို့သော်လည်း အထက်မှာဖော်ပြခဲ့သလို အခု တစ်ကြိမ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်မှုဟာ အရင်အကြိမ်တွေနဲ့မတူဘဲ အသက်အရွယ်အရ ရင့်ကျက်ပြီး အတွေ့အကြုံများပြားတဲ့ စင်းလုံးချော ကိုယ်စားလှယ်ရရှိရေးထက် ပါတီဟာ အသွင်သစ်နဲ့ ပြောင်းလဲမှုကို ပြည်သူလူထုကို ပြသနိုင်ဖို့ အရေးကြီးတဲ့အချိန် ဖြစ်နေပါတယ်။ ဒါကြောင့် ရှင်ဂျီရို ကိုအိဇုမိရဲ့ ပါတီတွင်းအတွေ့အကြုံ အားနည်းချက်တွေကို ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂက နောက်ကွယ်ကနေ ထိန်းကျောင်းကြီးကြပ်လမ်းညွှန်ပေးမယ့် mentor အဖြစ်နဲ့ ဆောင်ရွက်သွားနိုင်မယ့် အနေအထားမှာ ရှိနေပါတယ်။ အခုလို လူငယ်မျက်နှာသစ် နိုင်ငံရေးသမားတစ်ဦးကို ရှေ့ထွက်ခိုင်းပြီး နောက်ကွယ်က သမ္မာရင့် ဝါရင့်သက်ကြီး နိုင်ငံရေးသမားတစ်ဦးက မူဝါဒရေးရာတွေကို ချမှတ်ဆောင်ရွက်ပေးမယ့် Koizumi–Suga Duo အခင်းအကျင်း ဖြစ်လာနိုင်မယ့် အခြေအနေပေါ် အယ်လ်ဒီပီပါတီတွင်းက လူငယ်လွှတ်တော်အမတ်တွေရော လူကြီးပိုင်းပုဂ္ဂိုလ်တွေကပါ လက်ခံနိုင်မယ့် အနေအထားမှာ ရှိနေပါတယ်။

ဒါကြောင့် စက်တင်ဘာလ ၂၇ ရက်နေ့ အယ်လ်ဒီပီ ပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ကာကွယ်ရေးဝန်ကြီး ဟောင်း ရှီဂဲရု အီရှီဘာက ပထမတစ်ကြိမ်တည်းနဲ့ မဲအပြတ်အသတ် အနိုင်ရရှိခဲ့မယ်ဆိုရင် သူဟာ ပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်လာဖို့ ရှိပါတယ်။ သို့သော် ပထမတစ်ကြိမ်တည်းနဲ့ မဲအပြတ်အသတ် အနိုင်မရရှိဘဲ ဒုတိယအကြိမ် ရွေးချယ်မှုကို ဆက်လက်ပြုလုပ်ရမယ်ဆိုရင် ဒုတိယအကြိမ်မှာ ရှင်ဂျီရို ကိုအိဇုမိက အနိုင်ရရှိဖို့ အလားအလာရှိပါတယ်။ ဖြစ်နိုင်ခြေ နောက်တစ်ခုအနေနဲ့ ဒုတိယအကြိမ် ရွေးချယ်မှုကို တက်လာမယ့်သူ နှစ်ဦးဟာ ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂဲရု အီရှီဘာ မပါဘဲ ရှင်ဂျီရို ကိုအိဇုမိနဲ့ အမျိုးသမီးကိုယ်စားလှယ် တာကာချီ ဆာနာအဲ ဆိုရင်တော့ အယ်လ်ဒီပီပါတီတွင်းက Kingmakerတွေဘယ်လိုနိုင်ငံရေးကစားကြမလဲဆိုတာ စောင့်ကြည့်သွားဖို့ လိုပါကြောင်း တင်ပြလိုက်ရပါတယ်။ ။


**ရည်ညွှန်း**

- Party Politics, Factions, and Hereditary Politics: The Current State of Japanese Politics by Shimizu Yuichiro, Professor of Keio University
- The State and Politics in Japan by Ian Neary
- Expect Aso. Suga to be key figures in chaotic LDP Presidential elections in September by Yuko Mukai
- What Kishida's resignation portends for Japanese politics by Ben Ascione, Waseda University
- Japan's ruling LDP to vote on Kishida's successor: 5 things to know by Alice French, Tamayo Muto and Yuichi Shiga, Nikkei News Asia
- Japanese ruling part faces "generational battle" as it chooses new leader by Alastair Mccerady
- Japan Newspapers


## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ရေဘေးသင့်ပြည်သူများထံသွားရောက်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၆**

ရေဘေးဒဏ်ခံခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) မှ ကျောက်ဆည်ခရိုင်အတွင်း ရေဘေးသင့်ခံခဲ့ရသည့်နေရာများသို့ စက်တင်ဘာ ၂၅ ရက်က ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

MRCCI အသင်းဥက္ကဋ္ဌ ဦးဝင်းငွေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊အသင်းသူ အသင်းသားများ၊ ညီနောင်အသင်းများ၊ ကုမ္ပဏီများမှ လှူဒါန်းခဲ့သည့် အလှူငွေများနှင့် အလှူပစ္စည်းများကို တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ရာ ကျောက်ဆည်မြို့နယ် မကျည်းတောကျေးရွာမှ အိမ်ထောင်စု ၂၆၄ စု၊ ကျောက်မာဆစ်ကျေးရွာမှ အိမ်ထောင်စု ၁၅၂ စု၊ အုတ်ဖိုစုကျေးရွာမှ အိမ်ထောင်စု ၆၅ စု၊ ရှမ်းသူငယ်ကျေးရွာမှ အိမ်ထောင်စု ၁၈၀ စုစုပေါင်း အိမ်ထောင်စု ၆၆၁ အတွက် အိမ် ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၃၅၀၀၀ နှင့် ဆိုလာမီးသီး တစ်လုံး တန်ဖိုးငွေကျပ် ၂၁၇၅၀၀၀၀၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေကျပ် ခုနစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်/ဆက်)**

* *ကျော့ဖုံးမှ*

ရတနာပုံ-အား/ကာသိပ္ပံပွဲ ပြန်လည်ကစားပြီးဖြစ်သောကြောင့် ပထမအကျော့ပွဲအားလုံး ပြီးဆုံးသွားပြီး ရှမ်းယူနိုက်တက်အသင်းက ၃၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက် အသင်းက ၂၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၄ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်မှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်**




# လှိုင်ကော်မြို့ ရေဘေးကူညီမှုများကို ထိန်းချုပ်ထားကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**
လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့သည့် ပစ္စည်းများကို ထိန်းချုပ်ထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များကို လှိုက်ကော်မြို့ရှိ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာရှင်/အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ နည်းလမ်းမျိုးစုံဖြင့် ပေးပို့လျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ထိုသို့ရေဘေးကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်နေကြောင်း၊ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




**သတင်းစဉ်**

# လှိုင်ကော်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ပြုလုပ်

**လှိုင်ကော် စက်တင်ဘာ ၂၆**
၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးနှင့် ဥတ္တရာရုံပရိယတ္တိစာသင်တိုက်တို့၌ ပြုလုပ်သည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးက သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် ကူညီပါ၊ သန်းခေါင်စာရင်းကောက်ယူခြင်း စသည်တို့ကို အသိပညာပေးဟောပြောပြီး ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ လက်ကမ်းစာစောင်များနှင့် ဝတ်စုံများဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုဇင်(လှိုင်ကော်)**

# လယ်ဝေးမြို့နယ်အတွင်းရှိ ရေနစ်မြုပ်ခဲ့သည့်ကျေးရွာများတွင် ကျန်းမာရေးပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်

**လယ်ဝေး စက်တင်ဘာ ၂၆**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲယာရှိကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်သည့် ကျေးရွာများတွင် ယခုအခါရေများ ပြန်လည် ကျဆင်းသွားပြီဖြစ်၍ ပြည်သူများ ပြန်လည်နေထိုင်ရန်အတွက် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ဦးဆောင်မှု၊ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော် ကြီးကြပ်မှုဖြင့် ကျန်းမာရေးမှူး ငါးဦးပါ အဖွဲ့ခုနစ်ဖွဲ့က ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်း၊ သောက်ရေများကို ရေသန့်ဆေးပြားခတ်ခြင်း၊ အိမ်သာများ ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများကို လေးကသိန်း၊ ရေလဲပေါက်၊ အောင်သုခ၊ သစ်ကိုးပင်နှင့် အောင်ချမ်းသာကျေးရွာများတွင် ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ကျေးရွာပေါင်း ၃၀ တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**ဝေကြည်(ပြန်/ဆက်)**

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ မြန်မာအသင်း ကာဂျစ္စတန်ကို အဖွင့်ပွဲတွင် အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၆**
၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအုပ်စု (I) ပထမနေ့ကို စက်တင်ဘာ ၂၅ ရက်က ကာဂျစ္စတန်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းရှုံးပွဲကြုံတွေ့ခဲ့သည်။

အုပ်စုပထမနေ့တွင် ဂျပန်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အုပ်စုကျုပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းသည် အဖွင့်ပွဲမှာပင် အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ ကာဂျစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို ၁၇ မိနစ်တွင် အာမီကော့ဗ်နှင့် ၃၈ မိနစ်တွင် အယ်မာဘာကော့ဗ်တို့က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်း ဂိုးသမား ဟန်မြင့်မြတ်ထွန်းနှင့် အသင်းခေါင်းဆောင်စွမ်းထက်တို့ အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။



အုပ်စု (I) တွင် မြန်မာအသင်းနှင့်အတူ ဂျပန်၊ ကာဂျစ္စတန်နှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေပြီး အုပ်စုပထမနေ့ အခြားပွဲတွင် ဂျပန်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဂျပန်အသင်း၊ မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ကာဂျစ္စတန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-KFF**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တနင်္သာရီတိုင်းဒေသကြီး ရေး - ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူနှင့် ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၂၆**
တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ် ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူဘူတာနှင့် ထားဝယ်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၃၆၄/၁၁-၁၂ ရှိ တံတားအမှတ်(၆၀၆)၊ မောင်မယ်ရှောင်တံတားအား စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတား၏ အောက်ခံကန့်လန့်ဖြတ်သံပေါင်နှစ်ချောင်း၊ အလျားလိုက်သံပေါင်နှစ်ချောင်း၊ ၇၅ ပေါင် သံလမ်းနှစ်ချောင်း၊ သံလမ်းထိန်း Guard Rail နှစ်ချောင်းနှင့် တံတားအထူးသစ်သားဇလီဖားများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၇၉)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း(၁၇၂)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူနှင့် ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှုအခြေအနေ။



## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိ မြေကွက်သည် မူလက ဒေါ်ဇင်မာဝင်း၊ ဒေါ်ရင်ရင်ဆွေ၊ ဒေါ်တင်တင်ဝင်း၊ ဦးသန့်ဇင်ဝင်း(၄)ဦး အမည်ဖြင့် ၃၀-၆-၂၀၂၃ ရက်အထိ (၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်(၄)ဦးအနက်မှ (၂)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် မူလမြေဧရိယာ ၀ ဒသမ ၀၈၃ ဧက အနက်မှ အရှေ့ဘက်ခြမ်းဧရိယာ ၀ ဒသမ ၀၄၁ ဧကအားဦးပိုင်ခွဲစိတ်၍ ဒေါ်ဇင်မာဝင်း(ခ) ဝင်းဟန်နီထက်၊ ဒေါ်တင်တင်ဝင်း (၂)ဦးထံသို့ အပြီးအပိုင်စွန့် လွှတ် ပေးခဲ့ပါသည်။ ဒေါ်ဇင်မာဝင်း(ခ) ဝင်းဟန်နီထက်ပါ(၂)ဦး(၎င်းတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဦးတင်စော)က ၁၃-၃-၂၀၂၄ ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၁၂၇/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်လွန်းမြတ်အိမ် ၁/မကန(နိုင်)၂၁၈၁၂၂ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဒေါ်လွန်းမြတ်အိမ် အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူ မည်သူမဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက် သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၆၊ ဦးပိုင်အမှတ်(၅)၊ ၆၇ x ၆၈ လမ်းကြား၊ ကုသိုလ်တော်လမ်း x မင်းကြီးရန်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းအောင်မင်း ၉/မကန(နိုင်)၀၇၁၃၇၆ က အမှုတွဲအမှတ်(၃၈၃၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၂၊ ဦးပိုင်အမှတ်(၃၅)၊ ၁၁၇လမ်း၊ ၄၉x၅၀လမ်းကြားရှိ ဦးလှရွှေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ငိုင်ရနင်က တရားပြိုင် ဦးလှရွှေ(၂)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ငိုင်ရနင် ၅/တမန(နိုင်) ၀၀၀၆၃၆က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၂၊ ဦးပိုင်အမှတ်(၁၄) ၅၈x၅၉ကြား၊ ၁၀၂x၁၀၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖုန်ရီကျောင်း(ခ)သင်းသင်းခိုင် ၁၃/တကန(နိုင်)၀၆၇၂၈၉ TGI-၀၀၄၆၄၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၉၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းမင်းသိန်း ၉/ပကခ(နိုင်)၀၁၀၂၉၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ငင-၂၊ ဦးပိုင်အမှတ်(၃၂)၊ ၅၈x၅၉ကြား၊ ၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်အေးအေးနိုင် ၁၂/ဒဂမ(နိုင်)၀၀၅၄၃၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၇၁၈/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အဲဖိန်း ၁၃/သပန(နိုင်)၀၂၃၃၀၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၁၊ ဦးပိုင်အမှတ် ၇၇၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်၊ ၁၁၂လမ်းနှင့် ဂုံးကျော်လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၂၅၉၅/၉၈-၉၉)အရ ဦးရန်ရှင့်ချောက် ၁၂/ကမရ(နိုင်)၀၄၄၂၁၉အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်နန်းအေးလှိုင် ၁၃/ကမန (နိုင်)၀၅၉၂၆၄မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြစ်ကြီးနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

| | | |
|---|---|---|
| ၁။ ဒေါ်ချွေဖိန်း | နှင့် | ၁။ ဒေါ်ကြည်ပြာထွန်း |
| ၂။ ဒေါ်သီသီဟန် | | ၂။ ဦးနိုင်ကိုကိုလင်း |
| | | ၃။ မမင်းရှိန် |
| | | ၄။ ဦးသန့်ဇင်အောင် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကားကြီးကွင်းအနီးနေ (၂)တရားပြိုင် ဦးနိုင်ကိုကိုလင်းနှင့် (၃)တရားပြိုင် မမင်းရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ချွေဖိန်းနှင့် ဒေါ်သီသီဟန်တို့က သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၉ အရ အချင်းဖြစ်ခြံဝင်းမြေအတွင်း ကျူးကျော်ဝင်ရောက်နေသူများနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို ဖယ်ရှားဖျက်သိမ်းပေးပြီး ထိုခြံဝင်းမြေအား လက်ရောက်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ဤရုံးတော်က တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းပွင့်ဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ် (၄၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်သည် မူလက ဒေါ်ရွှေအမည်ဖြင့် ၃၁-၁-၂၀၄၈ ရက်အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ရွှေနှင့် ခင်ပွန်းဦးဘရှင်၊ ဒေါ်ခင်သောင်း (သမီး)၊ ဦးအောင်ပြည့်(သားမက်)(၄)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဂရန်ရှင်၏ မြေးများဖြစ်သည့် ဦးကိုကိုအောင်၊ ဒေါ်ဖြူဖြူအောင်၊ ဦးညီညီအောင်(၃)ဦးက တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၃)ဦးအနက်မှ (၂)ဦးတို့က ၇-၈-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၆၈/၂၀၂၄)အရ အဆိုပါအိမ်ခြံမြေကွက်အား ဦးညီညီအောင် ၁/မကန(နိုင်) ၁၀၁၉၂၉ ထံသို့အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ယခုအခါ ဦးညီညီအောင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ ကမ္ဘဝါတန်းရပ်ကွက်၊ အကွက်အမှတ် ၅၉၄-ခ/၅၊ ဦးပိုင်အမှတ် ၈၈၊ ဧရိယာ ၀ ဒသမ ၀၂ဧက၊ ရန်-မန်းလမ်းအနောက်ဘက်၊ တံခွန်တိုင်ဘူတာလမ်းမြောက်ဘက်ရှိ မြေကွက်အား ဒေါ်နီလာအေး ၉/မရတ(နိုင်)၀၃၃၁၅၅ က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ဝ-၄၊ ဦးပိုင်အမှတ် ၇၊ ၇၁x၇၂ကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဒေါ်သန်းသန်းအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမြင့်ဦးက တရားပြိုင် ဒေါ်သန်းသန်း (၎င်း၏ SPရသူ ဦးအောင်ဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၅/ ၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမြင့်ဦး ၁/မညန(နိုင်)၀၃၅၈၂၄ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၈၊ ဦးပိုင်အမှတ် ၄၁-က/ ၆၂x၆၃ကြား၊ ယောမင်းကြီးနှင့် ဖိုးရာဇာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လွင်လွင်ချို ၉/အမဇ(နိုင်)၀၃၀၆၁၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၂၂၊ ဦးပိုင်အမှတ် ၇/၆၇x၆၈ကြား၊ မင်းကြီးရန်နောင်နှင့် မင်္ဂလာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ရွှေ ၈/တတက(နိုင်) ၁၆၃၈၆၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၃၃/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အဲဖိန်း ၁၃/သပန(နိုင်)၀၂၃၃၀၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၁၁၊ ဦးပိုင်အမှတ်(၄၄)၊ ၆၄x၆၅ကြား၊ ၁၄၀x၁၄၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သင်း ၉/မရတ(နိုင်)၀၇၃၂၀၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၄၈/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးမိုးဝင်း ၁၃/လရန(နိုင်)၀၈၃၃၃၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၉၊ ဦးပိုင်အမှတ် ၁၉/၆၁x၆၂ကြား၊ အနော်ရထာနှင့် အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမန်းကျော် ၉/အမရ(နိုင်)၀၀၃၄၈၂ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြတ်မင်းထွန်း ၉/အမဇ(နိုင်)၀၁၆၀၇၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးညီညီထွန်း၏ သမီး မြစ်ကြီးနားမြို့၊ အထက(၁၁) ရွှေညောင်ပင်ကျောင်း၊ Grade-12 မှ မအိအိဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၀၆ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဦးသိန်းလွင်၏သမီး မြစ်ကြီးနားမြို့၊ အထက(၁၁) ရွှေညောင်ပင်ကျောင်း၊ Grade-12 မှ မနှင်းနှင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၂၀၀၆ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဦးဇခုန်ယိန်းဆောင်၏ သား မြစ်ကြီးနားမြို့၊ အထက(၁) Grade-12($A_1$)မှ မောင်ဇခုန်ဆောင် ဘောမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၄-၂၀၀၇ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၁၁) ရွှေညောင်ပင်ကျောင်း၊ Grade-12 (Eco)တန်းမှ မောင်လပြည့်ထွန်း၏ မိခင် ဒေါ်မြင့်မြင့်မော်(ခ)ဒေါ်မြင့်မော် ၅/ရဘန(နိုင်)၂၁၀၉၂၁ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ)၊ Grade-11(Bio)တန်းမှ မဆွတ်ရိန်ဘောက်ဆန့်၏ မိဘအမည်မှန်မှာ ဦးလအောင် ၁/ဝမန(နိုင်)၀၀၂၁၇၇ နှင့် ဒေါ်ဒိုင်ညွယ် ၁/မကန(နိုင်)၁၀၆၁၁၈ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/7326 ယာဉ်အမည်ပေါက်သူ ဦးမင်းကြည်အေး ၉/ကပတ(နိုင်)၁၈၁၇၅၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/3886 ယာဉ်အမည်ပေါက်သူ ဦးဌေးနိုင် ၉/မခန(နိုင်)၀၁၀၆၇၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ ၀ ဒသမ ၁၆၆ ဧကရှိ မြေကွက်သည် မူလက ဦးဇော်လ အမည်ဖြင့် ၃၀-၆-၂၀၂၁ ရက်အထိ (၃၀)နှစ်မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဇော်လသည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီး ဒေါ်ဂျာတောင် ၁/မကန(နိုင်)၀၂၄၁၄၂ က (၁၈-၃-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၃၂/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာတောင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်း အမှတ်(၂၇)၊ ဦးပိုင်အမှတ် (၉၆/၂)၊ မြေဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ မြေကွက်သည် မူလက ဒေါ်အေးအေးချို အမည်ဖြင့် ၂၂-၅-၂၀၄၄ ရက်အထိ(၃၀)နှစ်မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်အေးအေးချိုက ၂၂-၈-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၉၄/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးအေးသိန်း ၁၂/မရက(နိုင်)၀၆၆၀၆၄၊ ဦးအောင်သူရသိန်း ၁/မကန(နိုင်)၂၅၈၉၈၃(၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအေးသိန်းပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံ စွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အလက(ခွဲ)တောကြီး Grade(9) မှ မောင်ဖြိုးဝေအောင် ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၇/ဝမန(နိုင်)၁၅၉၁၀၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အလက(ခွဲ)တောကြီး Grade(2) မှ မောင်မင်းခန့်ကျော် ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဇင် ၇/ဝမန(နိုင်)၁၆၅၂၉၈ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ဇင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဇော်ဇော်လတ်၏ သမီး ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ဖနို Grade-12 တန်းမှ နန်းလွင်လွင်ဒွေးနှင့် မလွင်လွင်ဒွေး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းလွင်လွင်ဒွေး (ခ)**
**မလွင်လွင်ဒွေး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်မောင်၏ သား မောင်အောင်စိုးနိုင် ၈/အလန(နိုင်) ၁၂၅၉၈၀၏ ပတ်စ်ပို့စာအုပ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၃၅၅၈၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/92862 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/89468 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၇/တငန(နိုင်)၁၂၂၉၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၀၂၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးဖေသောင်း ၁၀/ခဆန(နိုင်)၀၄၇၄၇၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သွေးသည် အသက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်- 15DMS/ 2024-2025 (L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | (၂၇-၉-၂၀၂၄)ရက်၊ သောကြာနေ့ |
| **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - | (၁၀-၁၀-၂၀၂၄) ရက်၊ မွန်းတည့် (၁၂း ၀၀) နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၄၈)၊ ဦးပိုင်အမှတ်(၄၃)၊ အကွက်အမည်(စံကျောင်းပိုင်း)၊ (အလျား x အနံ)(၄၀ x ၆၀)ပေရှိ ခြံမြေနေရာနှင့် သီးပင်စားပင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိသားစုအမွေဆိုင်ခြံမြေနေရာနှင့် ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိသူ မိသားစုအမွေဆိုင်များဖြစ်ကြသော ဦးရဲမြင့် ပါ(၉)ဦးမှ လက်ရှိပိုင်ဆိုင် ဆက်ခံလျက်ရှိရာ ၎င်းတို့မှ ခြံမြေနေရာအား ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးခိုင် (ဘ) ဦးဒွေးဝင်းမှ ဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ ခြံမြေအား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြစံ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၄၈)**
**အမှတ်(၅၉)၊ အောင်သိဒ္ဓိလမ်း၊ (၆)ရပ်ကွက်၊ ဘိုကလေးမြို့၊**
**ဖုန်း-၀၉-၄၂၂ ၄၈၂ ၆၃၈**

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-4 မှ မောင်အေးချမ်း ၏ မိဘအမည်မှန်မှာ ဦးငွေတိုး-ဒေါ်ဇင်မာထွေး ဖြစ်ပါကြောင်း။

**ဦးငွေတိုး-ဒေါ်ဇင်မာထွေး**

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-4 မှ မောင်ပြည့်ဖြိုးပိုင် ၏ မိဘအမည်မှန်မှာ ဦးနေလင်းထွန်း-ဒေါ်စုမာငြိမ်း ဖြစ်ပါကြောင်း။

**ဦးနေလင်းထွန်း-ဒေါ်စုမာငြိမ်း**

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade-5 မှ မောင်နန္ဒကျော် ၏ မိဘအမည်မှန်မှာ ဦးအောင်စံဝင်း- ဒေါ်အိခိုင် ဖြစ်ပါကြောင်း။

**ဦးအောင်စံဝင်း-ဒေါ်အိခိုင်**

## အမည်ပြောင်း

ဦးဇော်မျိုးနိုင် ၇/ပခန(နိုင်) ၂၉၆၈၆ ၏သမီး ပဲခူးမြို့၊ ရွှေဟင်္သာကိုယ်ပိုင်အလယ်တန်းကျောင်း G-3(A) မှ မသီရိပြည့်စုံ အား မခင်သီရိထွဋ် ဟု ပြောင်းလဲခေါ်ပါရန်။

**မခင်သီရိထွဋ်**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ မြေကွက်အမှတ်(ယူအီး-၂)၊ (၈၃၀)ရှိ၊ မြေဧရိယာ(၄၀' x ၆၀') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသူ ဦးခင်လတ် ၁၂/မရက(နိုင်)၀၆၈၃၂၂ ထံမှ မြေတစ်ခြမ်း(၂၀'x၆၀')အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်ရှိန် ၁၂/တတန(နိုင်)၁၆၄၅၈၅ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ဦးခင်လတ်(ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်ခင်စန်းမေ ၁၂/မရက(နိုင်)၀၆၈၅၃၈ အား (၂၄-၉-၂၀၂၄)ရက်တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည် ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင်ဝင်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၇၅၂)(၃၀-၉-၂၀၁၃)**
**(၂/၄)ဗိုလ်စိန်မှန်လမ်း၊ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၃၇၆၆၇၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၃၀၀၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၁၀/ကမရ(နိုင်)၁၀၉၉၉၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၄၃၆၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၀/ခဆန(နိုင်)၁၂၉၅၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ ဦးလန်းသဲ(ခ)ဦးလှရွှေ ၁၄/ဖပန(နိုင်)၁၈၈၃၀၃ ၏သမီး TTA ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12တွင် ပညာသင်ကြားနေသော မစုပုံရွှေ ၏ မွေးသက္ကရာဇ်အမှန်မှာ(၁၁-၇-၂၀၀၆) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက(သုံးဆယ်) Grade-9 မှ မဇင်မြတ်နိုး၊ အမက(လွန်)လမ်းမတော် Grade-6 မှ မောင်ကောင်းပြည့်လျှံ ၏ မိခင်အမည်မှန်မှာ ဒေါ်အိမွန်ဇင် ၇/သဝတ(နိုင်) ၁၀၅၆၈၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေရိပ်သာရပ်ကွက်၊ မြေကွက်အမှတ်(၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄)၊ ခရေရိပ်သာ(၅)လမ်း၊ ဧရိယာအကျယ်အဝန်း(၁.၈၄၆ ဧက) (၈၀,၄၂၈ စတုရန်းပေ)ရှိ ဦးတိုးနိုင်မန်း(၇/သကန(နိုင်)၀၇၈၈၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ ခြံမြေကွက်များအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် မြေကွက်အမှတ်(၁၁၃+၁၁၄)၊ ဧရိယာအကျယ်အဝန်း (၂၀,၀၀၀ စတုရန်းပေ)ရှိ ဂရန်မိတ္တူ၊ ခြံမြေကွက်နှင့်၊ ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းထိုက် (၁၂/အစန(နိုင်)၀၆၆၅၃၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်အောင်(၁၂/ဗဟန(နိုင်)၀၅၆၆၁၅)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းထိုက်အောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀) ၊ ဗိုလ်ဆွန်ပက်လမ်း ၊ (၃၉-အေ)ရပ်ကွက် ၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၂၂၄၄၉၄၂၂ ၊ ၀၉- ၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ (၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၀၂၄၄)ကို အမည်ပေါက် ဒေါ်မြင့်မြင့်စန်း (ဘ)ဦးဖေကြည် ၁၂/အစန(နိုင်)၁၀၆၄၉၉မှ ဒေါ်မျိုးမလွင် (ဘ)ဦးဇော်မြင့် ၁၂/သကတ(နိုင်)၁၅၅၅၈၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (၅)ထပ်ကြီး တောင်ရပ်ကွက်၊ အင်ကြင်းလမ်းအမှတ်(၂၀၈) နေ ဦးခင်စိုး (ဘ) ဦးမြင့်သောင်း (၁၂/တမန (နိုင်) ၀၈၈၁၀၄) မှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၂-၁၂-၂၀၂၂) ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၂၂၅၄၈ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ် (၂၀/ခ)နေ ဦးကျော်မိုးလွင် (ဘ) ဦးကျော်မြင့် (၁၂/လမန(နိုင်) ၁၀၇၅၂၀) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြို့ပြမြောက်၊ တိုက် (၁/၂-စ) နေ ဒေါ်ဝါဝါပြုံး (ဘ) ဦးစိုးမြင့်မော် (၁၂/ကမတ(နိုင်)၀၂၀၃၁၅) တို့အား အထွေထွေ ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။

အဆိုပါလွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား အကြောင်းညီညွတ်မှုမရှိ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းလိုက်ပါကြောင်း ဦးကျော်မိုးလွင်၊ ဒေါ်ဝါဝါပြုံးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်စိုး ၁၂/တမန(နိုင်)၀၈၈၁၀၄**
**အမှတ် (၂၀၈)၊ အင်ကြင်းလမ်း၊ (၅)ထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**

## မိခင်အမည်မှန်

